# ဒီမိုကရေစီဆိတ်သုဉ်းခြင်း၊ ညီမျှမှုဆိတ်သုဉ်းခြင်း

နဝတ အမျိုးသားညီလာခံမှချမှတ်သည့်

အခြေခံဥပဒေမူများအပေါ် နိုင်ငံရေးသုံးသပ်ချက်

မြန်မာနိုင်ငံရှေ့နေများကောင်စီ

# Lack of Democracy, Lack of Equality

## Political analysis of Constitutional Principles Laid down by the SLORC National Convention

*Internet Version (Burmese)*
*November, 2002*

*English-Burmese Dual Version*
*October 1995*

THE BURMA LAWYERS' COUNCIL

# အမှာစာ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)သည် အခြေခံဥပဒေမူများ ရေးဆွဲချမှတ်ရန်အတွက် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်၊ နှစ်ဆန်းပိုင်းကတည်းက ကျင်းပခဲ့သည်။ နဝတသည် အခြေခံဥပဒေတရပ် ရေးဆွဲပြဌာန်းကာ ၎င်း၏အုပ်ချုပ်ရေး တည်တန့်ခိုင်မြဲရေးအတွက် စီစဉ်ပြုလုပ်နေခြင်းဖြစ်ကြောင်း ဆန်းစစ်ဝေဖန်မှုများအားလုံးက ပြဆိုနေသည်။ ထိုသို့ပြုလုပ်နိုင်ရေးအတွက် နဝတသည် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းစဉ်နှင့် ထွက်ပေါ်လာမည့် ညီလာခံရလာဒ်များကိုပါ လက်ဝါးကြီးအုပ်ထားသည်။

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်၊ အာဏာသိမ်းမှုမှစ၍ စစ်တပ်သည် ၎င်းတို့အာဏာတည်မြဲရေးအတွက် ဥပဒေများကို ဖိနှိပ်ရေးယန္တယားများအဖြစ် အသုံးပြုခဲ့သည်။ ထို့ကြောင့်မြန်မာပြည်သူလူထုအနေဖြင့် ဥပဒေများနှင့် ဥပဒေစိုးမိုးရေး တို့ကို ၎င်းတို့၏ အခြေခံအခွင့်အရေးများ၊ လွတ်လပ်မှုများကိုကာကွယ်နိုင်သော အကာအကွယ်များအဖြစ် အယုံအကြည် မရှိကြတော့ချေ။ ဥပဒေဆိုသည်ကို ဖိနှိပ်ရေးယန္တယားများအဖြစ် လက်ခံထားကြသဖြင့် ဥပဒေရေးဆွဲရေးကိစ္စများတွင် လူထုက စိတ်မဝင်စားတော့ချေ။

အခြေခံဥပဒေရေးဆွဲရေးကိစ္စအား သာမန်ပြည်သူလူထု စိတ်ဝင်စားမှုနည်းနေခြင်းအပေါ် နဝတက အခွင့်ကောင်းယူခဲ့သည်။ တပြိုင်နက်တည်းပင် နိုင်ငံရေးစိတ်ဝင်စားတက်ကြွသူများအား အခြေခံဥပဒေရေးဆွဲရေးတွင် ပါဝင်ခြင်းမပြုနိုင်အောင် နဝတက တားဆီးမှုများကိုလည်းပြုလုပ်ထားသည်။ ထောင်သွင်းခံရခြင်း၊ ပြည်ပသို့ထွက်ခွာသွားအောင် ဖိအားပေးခံရခြင်းတို့ကြောင့် နဝတအမျိုးသားညီလာခံတွင် ထိုနိုင်ငံရေးစိတ်ဝင်စားတက်ကြွသူများ၏အသံကို မကြားရတောပေ။ ထိုသို့နဝတက တားဆီးမှုများပြုလုပ်နေလင့်ကစား လူထုဆန္ဒကို ကိုယ်စားမပြုသည့် နဝတလိုလားသော အခြေခံဥပဒေတရပ်မပေါ်ပေါက်ရေးအတွက် တားဆီးရန်မှာ မြန်မာနိုင်ငံသားအားလုံး၏ အခွင့်အရေးနှင့်တာဝန်ပင်ဖြစ်သည်။

နဝတအမျိုးသားညီလာခံရှိ အနည်းအကျဉ်းသော ပြည်သူ့ကိုယ်စားလှယ်တို့သည် လူထုဆန္ဒကို ကိုယ်စားပြု၍ အလုပ်လုပ်ချင်နေသော်လည်း ထိုအနည်းစုကလေးက နဝတချမှတ်သောမူများကို ပြောင်းလဲနိုင်မည်မဟုတ်ချေ။ နဝတ အမျိုးသားညီလာခံက ချမှတ်သောမူများ၏ အမှားများကို ထောက်ပြရန် နဝတထိန်းချုပ်မှုအောက်တွင်ရှိသော ပြည်သူများထက်သာ၍ လုပ်နိုင်ခွင့်အခြေအနေရှိသူတို့က လုပ်ဆောင်ရန်တာဝန်ရှိသည်ဟု မြန်မာနိုင်ငံရှေ့နေများကောင်စီက ရိုးသားစွာ ယုံကြည်သည်။ ထို့ကြောင့် လွတ်လပ်သော အဖွဲ့အစည်းတခုအနေဖြင့် မြန်မာနိုင်ငံရှေ့နေများ ကောင်စီသည် နဝတ အမျိုးသားညီလာခံမှ ချမှတ်သော အခြေခံဥပဒေမူများအပေါ် နိုင်ငံရေးအရ ဝေဖန်ပိုင်းခြားမှုတခုပြုလုပ်တင်ပြလိုက်ရပေသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
အောက်တိုဘာလ၊ ၁၉၉၅ ခုနှစ်

# ၁။ နောက်ခံသမိုင်းကြောင်း

## (၁–၁)။ ၁၉၉၀ အထွေထွေရွေးကောက်ပွဲ

အထွေထွေရွေးကောက်ပွဲကျင်းပပြီး ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များကို အာဏာလွှဲပြောင်းရေးသည် ၎င်းတို့၏ နောက်ဆုံးတာဝန်ဖြစ်ကြောင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့၊ နိုင်ငံတော် အာဏာသိမ်းယူသည့်နေ့၌ပင် ကြေညာခဲ့သည်။ ၎င်းတို့အာဏာရယူထားစဉ်အတွင်း တာဝန်ကြီးလေးရပ်ကို ထမ်းဆောင်မည်ဟူသော ကြေညာချက်သည် ကမ္ဘာအသိပင်ဖြစ်သည်။ နဝတ၏ ပထမဆုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်က ရွေးချယ်တင်မြှောက်ပွဲများကျင်းပပြီးသည်နှင့် နိုင်ငံတာ်အာဏာကို ပြည်သူ့ကိုယ်စားလှယ်များထံ လွှဲပြောင်းပေးမည်ဟု ကတိပြုထားခဲ့သည်။ ဗိုလ်ချုပ်ကြီးစောမောင်၏ မိန့်ခွန်းများအပါအဝင် ရွေးကောက်ပွဲမတိုင်မီနဝတ၏ တရားဝင်ထုတ်ပြန် ကြေညာချက်များအရပင် အခြေခံဥပဒေရေးဆွဲခြင်းသည် နဝတ (သို့မဟုတ်) တပ်မတော်၏ အလုပ်မဟုတ်ဘဲ ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များ၏ တာဝန်သာဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ရွေးကောက်ပွဲများကျင်းပပြီးသည့်နောက်တွင် နဝတ အနေဖြင့် ရွေးကောက်ပွဲရလာဒ်သည် နဝတ မထင်မှတ်သည့် ရလာဒ်ဖြစ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်တင်မြှောက်ပွဲတွင် အပြတ်အသတ် အောင်ပွဲခံခြင်းသည် နဝတက ရွေးကောက်ပွဲရလာဒ်ကို အကောင်အထည်ဖော်ပေးရန် ငြင်းဆန်ရခြင်း၏ အဓိက အကြောင်းတရားဖြစ်လာသည်၊ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ အသွင်ပြောင်းဖွဲ့စည်းထားသည့် နဝတက ထောက်ခံအားပေးသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသာ ရွေးကောက်ပွဲအနိုင်ရပါက နဝတ အနေဖြင့် အာဏာလွှဲပြောင်းပေးပေလိမ့်မည်။ ရွေးကောက်ပွဲတွင် နဝတ ရှုံးနိမ့်သည်နှင့်တပြိုင်နက် နဝတ အလိုကျနိုင်ငံရေးစနစ်ကို ဖော်ဆောင်နိုင်မည့် အမျိုးသားညီလာခံတရပ်ကို ကျင်းပခြင်းဖြင့် နိုင်ငံတော်အာဏာကို လက်ဝါးကြီးအုပ်ရန် စစ်အစိုးရက ပြင်ဆင်လေတော့သည်။

## (၁–၂)။ အမျိုးသားညီလာခံ

ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ်များ၏ တာဝန်သည် အာဏာလွှဲပြောင်းရန်မဟုတ်ဘဲ ခိုင်မာသော အခြေခံဥပဒေတရပ်ရေးဆွဲရန်သာဖြစ်ကြောင်း ဖော်ပြထားသည့် အမိန့်အမှတ် ၁/၉၀ ကို နဝတက ဦးစွာပထမ ထုတ်ပြန်ကြေညာခဲ့သည်။ ဒုတိယအနေဖြင့် အတိုက်အခံ အင်အားစုများ၏ အဓိက ဌာနချုပ် မာနယ်ပလောကို စစ်ရေးအရ တိုက်ခိုက်သိမ်းပိုက်မှု မအောင်မြင်ဘဲ ကျဆုံးခဲ့ရပြီးနောက် ၁၉၉၂ ခုနှစ် နှစ်လယ်ပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေး အစီအစဉ်ကို နဝတက ကြေညာခဲ့သည်။

နဝတ၏ ရွေးကောက်ပွဲဥပဒေနှင့် မြန်မာနိုင်ငံရေးအစဉ်အလာအရ ၁၉၉၀ ရွေးကောက်ပွဲသည် နိုင်ငံတော်အာဏာကို ကျင့်သုံးမည့် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲများသာဖြစ်နေသည်။ အခြေခံဥပဒေရေးဆွဲမည့် တိုင်းပြုပြည်ပြုလွှတ်တော်မဟုတ်ချေ။ ခိုင်မာသောအခြေခံဥပဒေတရပ်မရှိစေကာမူ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူရန်မှာ ၁၉၉၀ ရွေးကောက်ပွဲ၌ ရွေးချယ်တင်မြှောက်ခံရသော ပြည်သူ့ကိုယ်စားလှယ်များ၏ အခွင့်အရေးပင်ဖြစ်သည်။ လွှတ်တော်တရပ်ဥပဒေပြုပါလီမန်ဖြစ်သည့် ပြည်သူ့လွှတ်တော်သည် ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ မြန်မာနိုင်ငံမှာကျင့်သုံးခဲ့ဖူးပြီး ၎င်းသည် နိုင်ငံတော်အာဏာ၏ အထွတ်အထိပ်ဖြစ်သည်။ နဝတ အနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များစည်းဝေးကျင်းပခွင့်မပြုခဲ့ချေ။ ထို့ပြင် ရွေးကောက်တင်မြှောက်ခံကိုယ်စားလှယ်များသည် အခြေခံဥပဒေရေးဆွဲရန် အတွက်သာ တာဝန်ရှိကြောင်းတံဆိပ်ကပ်ပေးခဲ့သည်။

နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွက် အခြေခံလမ်းညွှန်မှုများ ချမှတ်ပေးရန်အတွက် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးနှင့် အာဏာရှင်စနစ်သက်ဆိုးရှည်ရေးကို အာမခံမည့် နိုင်ငံရေးစနစ်တရပ်ကို အမျိုးသားညီလာခံအားအသုံးချ၍ နဝတက လုပ်ဆောင်သွားရန် ရည်ရွယ်နေသည်။ နဝတ၏ အမျိုးသားညီလာခံမှ ချမှတ်သော အခြေခံမူများကို ဆွေးနွေးဝေဖန်မည်ဆိုလျှင် ဆွေးနွေးဝေဖန်ဖွယ်ဖြစ်သော်လည်း နိုင်ငံရေးစနစ်တခုအတွက် အဓိကကျသောမူများကိုသာ ဤစာတမ်းတွင် ဝေဖန်ဆွေးနွေးတင်ပြသွားပါမည်။ သို့ရာတွင် လူထုဆန္ဒ၊ လူထုအသံကို ပစ်ပယ်ပြီး နဝတက ထင်ရာစိုင်းလုပ်ဆောင်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားသည့် အချက်အလက်၊ အခြေအနေတချို့ကို ဦးစွာ တင်ပြလိုပါသည်။

## (၁-၃)။ အမျိုးသားညီလာခံ၌ လက်ဝါးကြီးအုပ်နိုင်ရန် နဝတ ၏ စီမံမှုအချို့

နဝတ၏ ကြေညာချက်များအရ အခြေခံဥပဒေရေးဆွဲရေးမှာ ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ်များ၏ တာဝန်ဖြစ်သည်ဟုဆိုသောလည်း ညီလာခံကိုယ်စားလှယ် (၇၀၂) ဦးအနက် (၆၀၀)ကျော်မှာ နဝတ စိတ်ကြိုက်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြစ်သည်။ ထို့အပြင် ညီလာခံရလာဒ်များကို ထိရောက်စွာလက်ဝါးကြီးအုပ်နိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ထုံးလုပ်နည်းဥပဒေကိုလည်း နဝတ စိတ်ကြိုက်ရေးဆွဲခဲ့သည်။ နဝတသည် ညီလာခံကျင်းပရခြင်း ရည်ရွယ်ချက် (၆) ရပ်ကို အောက်ပါအတိုင်း အတိအလင်းကြေညာခဲ့သည်။

(၁) ပြည်ထောင်စုမပြိုကွဲရေး
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
(၄) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး

(၆) နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင် ထမ်းဆောင်နိုင်ရေး

အမျိုးသားညီလာခံမှာ ဆွေးနွေးမှုအားလုံးကို စစ်တပ်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍဆိုသည်ကို မထိခိုက်စေသော ဘောင်အတွင်းမှသာ ပြုလုပ်ခွင့်ရှိသည်။ ကိုယ်စား လှယ်များ၏ လွတ်လပ်စွာဆွေးနွေးပြောဆိုခွင့်ကို ညီလာခံကျင်းပရေးလုပ်ထုံးလုပ်နည်းများအရ တင်းကြပ်စွာတားမြစ်ထားသည်။ ကိုယ်စားလှယ်များသည် ၎င်းတို့၏ ဆွေးနွေးမှုများတွင် ပါဝင် သော အကြောင်းအရာ များအတွက် မည်သည့်အချိန်၌မဆို အရေးယူခံရနိုင်သည်။ နဝတ သည် ၎င်း၏ အကျိုးစီးပွားကို ဖော်ထုတ်နိုင်ရန် အလို့ငှာ အလုံးစုံပြင်ဆင်မှုပြုပြီးသော အခြေ အနေအောက်တွင်မှ အမျိုးသားညီလာခံကို ကျင်းပခြင်းဖြစ်သည်။

# ၂။ ဒီမိုကရေစီဆိတ်သုဉ်းခြင်း

## (၁–၂)။ ဒီမိုကရေစီနှင့် နိုင်ငံရေးညီမျှမှု

လူနေမှုအဆင့်အတန်း၊ တိုင်းရင်းသားလူမျိုးဖြစ်မှုနောက်ခံသမိုင်းကြောင်း၊ ဘာသာရေး၊ ယုံ ကြည်ချက်၊ အဖွဲ့အစည်းတခုခု (သို့မဟုတ်) အစိုးရဌာနတခုခု၏ အဖွဲ့ဝင်ဖြစ်မှုတို့ကြောင့် ခွဲခြား မှုမရှိဘဲ ဒီမိုကရေစီသည် နိုင်ငံသားတိုင်း၏ နိုင်ငံရေးညီမျှမှုကို အသိအမှတ်ပြုကာကွယ်သည်၊ နိုင်ငံသားတဦးချင်းစီ၏ နိုင်ငံရေးညီမျှမှုကို အာမခံသောမူများမရှိပါက ဒီမိုကရေစီဟု မဆိုနိုင်ချေ။ ဤစာတမ်းအလို့ငှာ နိုင်ငံရေးညီမျှမှုဆိုသည်မှာ နိုင်ငံသားတဦးချင်းစီ ရွေးကောက်ပွဲများတွင် တူညီသော မဲပြားအရေအတွက် ပေးပိုင်ခွင့်ရှိပြီး၊ ထိုမဲပြားတိုင်းသည်လည်းတန်ဖိုးတူညီမှုရှိခြင်း နှင့် နိုင်ငံရေးနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှုပြုနိုင်ရန် တူညီသော အခွင့်အလမ်းရှိခြင်းတို့ကို ဆိုလို သည်။ အထူးအခွင့်အရေးတရပ်အဖြစ် နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခွင့်အား မည်သည့် နိုင်ငံ သားကိုမျှ ဒီမိုကရေစီက ခွင့်ပြုမည်မဟုတ်ချေ။ ထို့ကြောင့် နိုင်ငံသားများ၏ နိုင်ငံရေးပူးပေါင်း ဆောင်ရွက်ခွင့်အတွက် မညီမမျှဖြစ်စေသောမူများကို မည်သည့် ဒီမိုကရေစီအခြေခံဥပဒေမျှ မပြဋ္ဌာန်းပေ။

## (၂–၂)။ ဒီမိုကရေစီဆိတ်သုဉ်းခြင်း၊ ဥပဒေပြုအဖွဲ့ ဖွဲ့စည်းမှု

အခြေခံဥပဒေမူများချမှတ်ခြင်းအတွက် နဝတ၏ ရည်ရွယ်ချက်သည် စစ်တပ်အနေဖြင့် အနာဂါတ် နိုင်ငံရေးကို လက်ဝါးကြီးအုပ်နိုင်ရေးဖြစ်သည်။ စစ်တပ်မှ ခန့်အပ်သော အချိန်ပြည့် စစ်မှုထမ်းအရာရှိများသည် နိုင်ငံတော်နှင့် ဒေသန္တရအဆင့် လွှတ်တော်များတွင် ပြည်သူ့ကိုယ်

စားလှယ် (၃) ဦးလျှင် စစ်တပ်ကိုယ်စားလှယ်တဦးကျနှုန်းဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်နေသည်။ စစ်တပ်က ခန့်အပ်သော ထိုကိုယ်စားလှယ်များကို စစ်တပ်ဦးစီးချုပ်မှလွဲ၍ မည်သူကမျှ ရာထူးက ဖယ်ရှားရန် နည်းလမ်းနှင့် အခွင့်အရေးမရှိပေ။ စစ်တပ်အနေဖြင့် ၎င်း၏ အကျိုးစီးပွားကို ကိုယ်စားပြုနိုင်ရန်အတွက် ဥပဒေပြုလွှတ်တော်အရပ်ရပ်တွင်ပါဝင်ခြင်းသည် အခြားနိုင်ငံသားများ၏ အခွင့်အရေးကို စစ်တပ်က ကျူးကျော်သိမ်းပိုက်ခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နဝတ၏ မူများအရ အခြားသော နိုင်ငံသားများက တဦးခြင်း အခြေခံအရ နိုင်ငံရေးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း ပြုနေချိန်တွင် စစ်သားများက အင်အားတောင့်တင်းသော စစ်တပ်အဖွဲ့အစည်းအနေဖြင့် အင်အားပြကာ နိုင်ငံရေးတွင်ပါဝင်ပတ်သက်လာခြင်းကြောင့်ပင်။ အခြားနိုင်ငံသားများကလည်း ၎င်းတို့ကျရာအခန်းကဏ္ဍမှ နိုင်ငံတော်အတွက် အလုပ်အကြွေးပြုနေကြသည်ချင်းအတူတူ စစ်သားများက အဘယ်ကြောင့် နိုင်ငံရေးအထူးအခွင့်အရေး ရရှိနေကြပါသနည်း။ မေးစရာဖြစ်ပါသည်။

လူဦးရေ ၄၅ သန်းရှိသော မြန်မာနိုင်ငံတွင် စစ်သားဦးရေက (၄) သိန်းပင်ကျော်သည် မဟုတ်ချေ။ ထို့ကြောင့် စစ်သားနှင့် ပြည်သူအချိုးချလိုက်လျှင် စစ်သားများသည် တနိုင်ငံလုံးလူဦးရေ၏ တစ်ရာခိုင်နှုန်းပင်မရှိချေ။ ထို့ကြောင့် လွှတ်တော်အရပ်ရပ်တွင် စစ်တပ်က ကိုယ်စားလှယ်ပါဝင်မည် ဆိုပါက အမတ်နေရာ စုစုပေါင်း၏ တစ်ရာနှုန်းကျော်၍ ပါဝင်ခွင့်မရှိချေ။ သို့သော် ယခုနဝတအဆိုပြုသော အချိုးအစားမှာ (၂၅)% ဖြစ်နေသည်။ ဤအချိုးအစားအရ စစ်တပ်က အထူးပိုမိုပါဝင်ကိုယ်စားပြုခြင်းသည် အခြားသာမန်နိုင်ငံသားများ၏ အခွင့်အရေးကို ခေါင်းပုံဖြတ်ခြင်းဖြစ်သည်။ ဤသို့ စစ်သားနှင့် သာမန်နိုင်ငံသားများအကြား အခွင့်အရေးမညီမျှဖြစ်နေသော အခြေအနေမျိုးတွင် ဒီမိုကရေစီဆိုသည်မှာ မည်သို့ ဖြစ်နိုင်ဖွယ်ရှိမည်နည်း။

## (၂–၃)။ ဒီမိုကရေစီဆိတ်သုဉ်းခြင်း၊ သမ္မတ ရွေးချယ်တင်မြှောက်ပွဲ

နဝတ၏ အခြေခံမူများက သမ္မတ ဦးဆောင်သော အစိုးရစနစ်ကို ဖော်ဆောင်သည်။ နဝတမူများအရ သမ္မတကို ထိုအစိုးရစနစ်တွင် ကျင့်သုံးလေ့မရှိသည့် ရွေးချယ်တင်မြှောက်ပုံစနစ်ဖြင့် ရွေးချယ်ရန် နဝတက ပြဋ္ဌာန်းထားသည်။ ထိုနဝတ၏ သမ္မတ ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဒီမိုကရေစီမူများနှင့် အညီဟုတ်မဟုတ်၊ ဆန်းစစ်ဝေဖန်ရလိမ့်မည်။ စစ်တပ်က ခန့်အပ်သော ကိုယ်စားလှယ်များ (၂၅)% အချိုးအစားဖြင့် ပါဝင်ဖွဲ့စည်းနေသော ရွေးချယ်တင်မြှောက်ရေးအဖွဲ့က သမ္မတကို ရွေးချယ်တင်မြှောက်သည်။ သမ္မတ ဦးဆောင်သော အစိုးရစနစ်ကျင့်သုံးသော နိုင်ငံတိုင်းတွင် သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲ (သို့မဟုတ်) ၎င်းနှင့် အနှစ်သာရတူသော ရွေးချယ်တင်မြှောက်ပွဲလုပ်ငန်းစဉ်များဖြင့် ရွေးချယ်တင်မြှောက်သည်။ အဘယ့်ကြောင့်ဆိုသော် သမ္မတဦးဆောင်သော အစိုးရစနစ်တွင် သမ္မတသည် နိုင်ငံရေးအာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်၍၊ ထိုသမ္မတကို ဒီမိုကရေစီအကျဆုံးသော ရွေးချယ်တင်မြှောက်ပွဲနည်းစနစ်ဖြင့် ရွေးချယ်ရန် လိုအပ်ခြင်းကြောင့်ဖြစ်သည်။ သမ္မတအား သွယ်ဝိုက်ရွေးချယ်တင်မြှောက်ခြင်းစနစ်ကို သမ္မတ၏ တာဝန်မှာ နိုင်ငံတော်ဦးသျှောင်အရာမျှသာဖြစ်သော ပါလီမန်အစိုးရစနစ် (ပါလီမန်ဒီမိုကရေစီဟုလည်း လူသိများသောစနစ်) တွင်သာ ကျင့်သုံးကြ

သည်၊ နဝတသည် ၎င်းတို့လိုလားသော ရွေးကောက်ပွဲရလာဒ်ဖြစ်လာအောင် ထိန်းချုပ်ရန် အခက်အခဲရှိသဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲစနစ်ကို လမ်းဖွင့်ပေးရန် ရဲစွမ်းသတ္တိမရှိချေ။ ထို့ကြောင့် ယခုနဝတ အဆိုပြုတင်ပြသော သမ္မတ ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာမူများသည် ဒီမိုကရေစီဆိတ်သုဉ်းနေသည်။ ထိုမျှမက စစ်တပ်သည် သမ္မတ အဖြစ်အရွေးမခံရသည့်တိုင် သမ္မတ လောင်းတဦးကို အဆိုပြုခွင့်ရှိပြီး၊ ထိုသမ္မတလောင်းက သမ္မတအဖြစ် အရွေးမခံရသည့်တိုင် ဒုတိယသမ္မတဖြစ်လာခြင်းသည်လည်း ဒီမိုကရေစီအစိုးရတရပ်အဖို့ လက်ခံနိုင်သော ကိစ္စမဟုတ်ချေ။ အရေးကြီးသော နိုင်ငံရေးရာထူးအားလုံးကို ရွေးချယ်တင်မြှောက်ပွဲအဆင့်များကို ကျော်ဖြတ်ပြီးမှသာ ရယူသင့်သည်။ (သမ္မတ ဦးဆောင်အစိုးရနှင့် ပတ်သက်၍ ဆန်းစစ်ဝေဖန်မှုများ အောက်တွင် ဆက်လက်ဖော်ပြထားသည်။)

## (၂-၄)။ အချုပ်အခြာအာဏာ လူထုထံမှ သက်ဆင်းသည်

အခြားသော ဒီမိုကရေစီအခြေခံဥပဒေများမှာကဲ့သို့ပင် နဝတ၏ အခြေခံမူများက "ပြည်သူလူထုထံမှ အချုပ်အခြာအာဏာသက်ဆင်းသည်" ဟူသော မူကို ထည့်သွင်းဖော်ပြထားသည်။ အချုပ်အခြာအာဏာကို လူထုကကျင့်သုံးခွင့်ရှိရေးဟူသော အယူအဆသည် ဒီမိုကရေစီထွန်းကားသော ကမ္ဘာ့နိုင်ငံများတွင် ဒီမိုကရေစီ သီအိုရီ၏ ဗဟိုချက်မတွင်နေရာယူလျက်ရှိသည်။ မြန်မာပြည်သူတို့အဖို့လည်း အချုပ်အခြာအာဏာကို လူထုက ကျင့်သုံးရေးရာတွင် တိုင်းပြည် အတွင်းမည်သို့သော နိုင်ငံရေးစနစ်ကို ကျင့်သုံးမည်ဟူသော ဆုံးဖြတ်ချက်ကို ပြည်သူတို့ ချုပ်ပိုင်ခွင့်ရှိရပေမည်။ နိုင်ငံတော်၏ နိုင်ငံရေးစနစ်ကို လူထုက ဆုံးဖြတ်မည်လော။ မိမိတို့ဖာသာ အာဏာရယူထားသည့် အစိုးရက ဆုံးဖြတ်မည်လော။ နိုင်ငံတော် အတွက် နိုင်ငံရေးစနစ်ကို လူထုကဆုံးဖြတ်ရေးဆိုသည်မှာ ရိုးရိုးရှင်းရှင်းနှင့်ပင် လက်ခံရမည့်ကိစ္စဖြစ်သည်။ ယခုအခြေအနေတွင် မြန်မာနိုင်ငံအတွက် နိုင်ငံရေးစနစ်ကို နဝတက ၎င်းဖာသာ ၎င်းဆုံးဖြတ်နေသည်။ ထိုကိစ္စသည် မြန်မာပြည်သူတရပ်လုံးအတွက် လက်ခံနိုင်သော ကိစ္စမဟုတ်ပေ။ အကယ်၍ နဝတ က ၎င်းတို့၏ အခြေခံမူတွင်ဖော်ပြထားသည့် အတိုင်း "အချုပ်အခြာအာဏာ လူထုထံမှ ဆင်းသက်ရမည်" ဟု အသိအမှတ်ပြုပါက မည်သို့သော နိုင်ငံရေးစနစ်ကို မြန်မာနိုင်ငံတွင် လက်ခံကျင့်သုံးမည်ဟု ဆုံးဖြတ်ချက်ကို ပြုလုပ်မည့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် နဝတ က အဘယ့်ကြောင့် ပြည်သူလူထုဆန္ဒအစစ်အမှန်အရ ပူးပေါင်းဆောင်ရွက်ခွင့်ကို ငြင်းပယ်နေရပါသနည်း။

## (၂-၅)။ နဝတက လုပ်ဆောင်ရန်မှာ

နဝတ၏ မူများက စစ်တပ်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို သေချာအောင်ပြုလုပ်ရန် ရည်ရွယ်နေသည်။ နဝတ၏ အမျိုးသားညီလာခံကျင်းပရေးဦးတည်ချက် (၆)ရပ်တွင် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး" ဟူသည့် မူတရပ်ကို အတိအလင်း ကြေညာထားသော်လည်း နဝတ၏ ချမှတ်ပြီးသော မူများသည် ဒီမိုကရေစီဆိတ်သုဉ်းနေသည်။ "စစ်တပ်၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ"ဟူသော နဝတ၏ တောင်းဆိုချက်က အခြားသော အခြေခံ

ဥပဒေဆိုင်ရာမူများနှင့် အတူရှိနေလျှင် အခြားသော အခြေခံမူများသည် ထိုစစ်တပ်၏ နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍဟူသော မူ၏ လက်အောက်ခံများဖြစ်သွားပေမည်။ ထိုမူကို ထိထိရောက်ရောက်အကောင်အထည်ဖော်ရေးအတွက် အခြေခံဥပဒေပြဋ္ဌာန်းချက်အားလုံးတွင် အတင်းအကြပ် ထိုသဘောတရားများ သွပ်သွင်းနေပေလိမ့်မည်။ ဤစာတမ်း၌ ဝေဖန်ဆန်းစစ်တင်ပြမှုများက စစ်သားများ၏ နိုင်ငံရေးတွင် ပူးပေါင်းဆောင်ရွက်ခွင့်ကို ငြင်းပယ်ရန်မဟုတ်ပေ။ ဒီမိုကရေစီသည် စစ်တပ်၏ နိုင်ငံရေးဦးဆောင်မှုဟူသော မူနှင့်အတူ ယှဉ်တွဲ၍ မဖြစ်ထွန်းနိုင်ပါ။ ရေရှည်တည်တံ့မည့် အခြေခံဥပဒေ ပေါ်ထွန်းရေးလုပ်ဆောင်ရာတွင် စစ်တပ်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ (သို့မဟုတ်) ဒီမိုကရေစီ တခုခုကို အခြေခံဥပဒေမူများမှ ဖယ်ထုတ်ရပေလိမ့်မည်။ မည်သည့်အရာကို နဝတက ဖယ်ထုတ်မည်နည်း။

# ၃။ နိုင်ငံတော်ဖွဲ့ စည်းတည်ဆောက်ပုံ

## (၃–၁)။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံဆိုသည်မှာ

မည်သို့သော နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံစနစ်ကို ရွေးချယ်သင့်သနည်းဆိုသည့် ကိစ္စမှာ မြန်မာနိုင်ငံတွင် အရေးကြီးလှသော ကိစ္စတခုဖြစ်သည်။ နိုင်ငံရေးသိပ္ပံပညာရှင်များက “နိုင်ငံတော်အစိုးရအမျိုးအစား” (Form of national Government) ဟူသော ဝေါဟာရကို အသုံးပြုနေသော်လည်း မြန်မာ့နိုင်ငံရေးအစဉ်အလာများအရ မြန်မာများအဖို့ “နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ” (State structure) ဆိုသော ဝေါဟာရနှင့် ပို၍ အကျွမ်းတဝင်ဖြစ်နေသည်၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံဟူသော ဝေါဟာရပေါ်လာပြီး၊ ယခုတဖန် နဝတ၏ အမျိုးသားညီလာခံကလည်း ထိုဝေါဟာရကိုပင် အသုံးပြုသည်။ ထို့ကြောင့် မြန်မာများက နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံဆိုသည်မှာ တပြည်ထောင်စနစ်၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်၊ ပြည်ထောင်များစုပေါင်းခြင်းတို့အနက် မည်သည့် အခြေခံပေါ်တွင် နိုင်ငံတော်ကို စီမံအုပ်ချုပ်မည်နည်း ဟူသည်ကို ရည်ညွှန်းပါသည်။

## (၃–၂)။ နဝတ က ပြဋ္ဌာန်းသော နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ

နဝတ ကပြဋ္ဌာန်းသော နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှုပုံစံကို အောက်ပါအတိုင်း အကျဉ်းချုံးလေ့လာနိုင်သည်။

(က) **ကျေးရွာအုပ်စုနှင့်ရပ်ကွက်**။ ။ ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် စုစည်းသည်။ ကျေးရွာအုပ်စုနှင့် ရပ်ကွက်များသည် အဆင့်တူများဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းရေး ယူနစ် (Constituent Unit) များ၏ အနိမ့်ဆုံးယူနစ်များဖြစ်ကြသည်။

(ခ) **မြို့နယ်**။ ။ ကျေးရွာအုပ်စု၊ ရပ်ကွက်နှင့် မြို့များကို မြို့နယ်အဖြစ် စုစည်းသည်။

(ဂ) **ခရိုင်**။ ။ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းသည်။

(ဃ) **တိုင်းဒေသကြီးနှင့် ပြည်နယ်**။ ။ ခရိုင်များကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များအဖြစ်စုစည်းသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့သည် အဆင့်တူများဖြစ်ကြပြီး နိုင်ငံတော် စုဖွဲ့ရေးယူနစ်များအနက် အဆင့်အမြင့်ဆုံးဖြစ်သည်။

အထက်ပါ (၄) မျိုးတို့သည် နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များ၏ အဆင့်အနိမ့်အမြင့် အစီအစဉ်ဖြစ်သည်။ ထူးခြားသော ဝိသေသများဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်ဖွဲ့စည်းရေးယူနစ် နှစ်မျိုးလည်းရှိသည်။ ၎င်းတို့မှာ–

– **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**။ ။ တိုင်းရင်းသားလူမျိုးများနေထိုင်သော မြို့နယ် အချို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်စုဖွဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသခံယူခွင့်ရသော တိုင်းရင်းသားလူမျိုးက လူဦးရေအများစုဖြစ်ရမည်။

– **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း**။ ။ တိုင်းရင်းသားလူမျိုးများနေထိုင်သော ခရိုင်အချို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် စုဖွဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ ခရိုင်များတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်နိုင်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ခံယူ သော တိုင်းရင်းသားလူမျိုးများက လူဦးရေအများစုဖြစ်ရမည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**နှင့် **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း**တို့သည် အခြားသော ခရိုင် များနှင့် အတူ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တွင် ပါဝင်ဖွဲ့စည်းသည်။

နဝတက ပြဋ္ဌာန်းသော နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ရေးမူများသည် တပြည်ထောင် စနစ်အခြေခံသော မူများသာဖြစ်သည်။ သို့ရာတွင် ဟန်ပြမျှဖြစ်သော ဖက်ဒရယ်အဆောင် အယောင်အချို့ကို ပေါင်းစပ်ထားသည်။ နဝတသည် အချို့နိုင်ငံရေးဝေါဟာရများကို မြန်မာ ဘာသာပြန်ဆိုရာတွင် မူရင်းအင်္ဂလိပ်ဝေါဟာရ၏ အဓိပ္ပာယ်နှင့် လွဲမှားစေနိုင်သော ဆင်တူရိုး မှားမြန်မာဝေါဟာရများကို တီထွင်အသုံးပြုနေသည်ကို သတိပြုအပ်ပေသည်။ နဝတသည် ဖက် ဒရယ်ပြည်ထောင်စုစနစ်ကို လက်ခံလေဟန် အထင်ခံရစေရန် မဟာဗျူဟာမြောက်ရည်ရွယ်ချက်ဖြင့် အချို့ဝေါဟာရများကို အသုံးပြုနေသည်၊ လက်တွေ့တွင်မူ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ အကြား ဘာသာပြန်ဆိုမှုကို အတိအကျ ပြုလုပ်ပါက လွဲများသော အနက်ကို ရောက်စေသည်။ မြန်မာဝေါဟာရ "ပြည်ထောင်စု"ကို အင်္ဂလိပ်ဘာသာပြန်ဆိုပါက Federal ဟူသော အဓိပ္ပာယ်ရသည်။ သို့သော ဖက်ဒရယ်ဟူသော ဝေါဟာရကို မသုံးဝံ့သဖြင့် ၎င်းအစား Union ကို အသုံးပြုသည်။ ထို Union ဟူသော ဝေါဟာရသည် နဝတ အတုအယောင် ဖက်ဒရယ်စနစ်၏ အဓိက နိုင်ငံရေးအခြေခံအုပ်မြစ်ဖြစ်လာသည်။

နိုင်ငံတော်ကို ဗဟိုက ပြဋ္ဌာန်းသောမူများအရသာ ဖွဲ့စည်းပြီး အုပ်ချုပ်သော စနစ်အဖြစ် နဝတ၏ ပြည်ထောင်စု (Union) က ရည်ညွှန်းသည်။ နဝတ အပါအဝင် မြန်မာနိုင်ငံ၌ အုပ် ချုပ်ခဲ့ဖူးသော စစ်အစိုးရအဆက်ဆက်က ဖက်ဒရယ်ဆိုသည်မှာ နိုင်ငံတော်ပြိုကွဲရေးဖြစ်ကြောင်း အစဉ်အဆက်ဝါဒဖြန့်ခဲ့သဖြင့် နဝတ ကိုယ်တိုင်က ဖက်ဒရယ်နိုင်ငံရေးစနစ်ကို လက်ခံရန်

ကြောက်ရွံ့နေသည်။ မြန်မာ့နိုင်ငံရေးအတိုက်အခံများအားလုံးက ဖက်ဒရယ်စနစ်သည် မြန်မာပြည် ပြည်တွင်းစစ်အဆုံးသတ်ရေး၏ ထွက်ရပ်လမ်းအဖြစ် ရှုမြင်ကာ ထိုစနစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ရန် တညီတညွတ်တည်းတောင်းဆိုနေချိန်တွင် နဝတ အနေဖြင့် ဖက်ဒရယ် ကို ပြောင်ပြောင်တင်းတင်း ငြင်းပယ်ခြင်းမပြုတော့ပေ။ အတုအယောင် ဖက်ဒရယ် စနစ်တရပ်ကို ဖော်ဆောင်သည့် အနေဖြင့် နဝတက ပြည်ထောင်စု (Union ) ဟူသည်ကို ကျင့်သုံးလာခြင်းဖြစ်သည်။

လက်တွေ့တွင် နဝတ၏ ပြည်ထောင်စု ဆိုသည်မှာ တပြည်ထောင်စနစ်ထက်ထူးခြားသော နိုင်ငံရေးအနှစ်သာရ မပါဝင်ချေ။ နဝတ မူများအရ နိုင်ငံတော်ကို တိုင်းဒေသကြီး ခုနှစ်ခု နှင့် ပြည်နယ်ခုနှစ်ခုတို့ဖြင့် စုဖွဲ့ထားသည်။ တိုင်းဒေသဟူသည်မှာ ၁၉၇၄ တပြည်ထောင်စနစ် အခြေခံဥပဒေအရ ဖော်ဆောင်ခဲ့သော ဗမာလူမျိုးများအဓိကနေထိုင်ရာတိုင်း (Division) များကို အမည်ပြောင်းလဲထားခြင်းသာဖြစ်သည်။ အခြားပြည်နယ်ခုနှစ်ခုတွင်ကား အဓိကအားဖြင့် အခြားတိုင်းရင်းသားလူမျိုးခုနှစ်မျိုးနေထိုင်သည်။ နဝတ ဖော်ဆောင်သော စနစ်သည် ၁၉၇၄ အခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့သော စနစ်နှင့်အတူတူပင်ဖြစ်သည်။ ဗမာလူမျိုးတမျိုးတည်းက တိုင်းခုနှစ်တိုင်းရရှိပြီး အခြားတိုင်းရင်းသားများက လူမျိုးတမျိုး၊ ပြည်နယ်တခုစီသာရရှိခြင်းကိုထောက်ပြပြီး တိုင်းရင်းသားခေါင်းဆောင်များက ၁၉၇၄ အခြေခံဥပဒေအရ အသိအမှတ်ပြုထားသော တိုင်းနှင့် ပြည်နယ်များဆိုသည်ကို ဝေဖန်ကြသည်။ အသင့်တော်ဆုံးဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းရေး ယူနစ်များခွဲဝေရေးမှုမှာ အဆင့်တူယူနစ်အတွက် တိုင်းရင်းသားလူမျိုးတမျိုးလျှင် ယူနစ်တမျိုးသာခွင့်ပြုရေးဖြစ်သည်။ အခြားတိုင်းရင်းသားများက လူမျိုးတမျိုးလျှင် တပြည်နယ်သာ ရရှိချိန်တွင် ဗမာလူမျိုးတမျိုးတည်းက တိုင်းခုနှစ်ခုရှိနေခြင်းသည် တိုင်းရင်းသားလူမျိုးများ အချင်းချင်းအကြား အခွင့်အရေးမညီမျှမှု၏ ထင်ရှားသော သာဓကတခုဖြစ်သည်။ ယခုတဖန် နဝတအမျိုးသားညီလာခံက တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ဆိုသည်ကို ထပ်မံပြဋ္ဌာန်းနေပြန်သည်။

## (၃–၃)။ မြန်မာနိုင်ငံအတွက် လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းမှုပုံစံ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်သည့် နိုင်ငံတခုဖြစ်နေရကား နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံသည် ၎င်းအရှိတရားနှင့် လိုက်လျောညီထွေဖြစ်သင့်သည်။ အဆက်ဆက်အုပ်ချုပ်ခဲ့သော အစိုးရများနှင့် အဓိကကျသော တိုင်းရင်းသားအုပ်စုများအားလုံး လိုလိုအကြား ဖြစ်ပွားနေသောပြည်တွင်းစစ်သည် တိုင်းရင်းသားလူမျိုးစုံ မြန်မာနိုင်ငံ (သို့မဟုတ်) ဗဟုဝုဒ်လူ့အဖွဲ့အစည်းနှင့်ကိုက်ညီသော နိုင်ငံတော်ဖွဲ့စည်းပုံ မတည်ဆောက်နိုင်၍ ဖြစ်ရသည်မှာ ထင်ရှားသည်။ မြန်မာနိုင်ငံကဲ့သို့သော တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသော နိုင်ငံများအဖို့ အမျိုးသားရေးနှင့် သက်ဆိုင်သည့် (တနိုင်လုံးအရေးနှင့်သက်ဆိုင်သည့်) နိုင်ငံရေးနှင့် ပတ်သက်လျှင် အုပ်စုအားလုံးသည် အညီအမျှအခွင့်အလမ်းရှိသင့်သည်။ မည်သည့်အုပ်စုကမျှ အမျိုးသားနိုင်ငံရေးကိုလက်ဝါးကြီးအုပ်နိုင်သည့်အခွင့်အရေးမျိုးမရယူအပ်ပေ။ အတူကွဲပြားသော

တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဆိုသည်မှာ ၎င်းတို့အချင်းချင်းအကြား အခွင့်အလမ်း ညီမျှမှုရှိသည်ဟု ၎င်းတို့မှ ရှုမြင်သောအခါမှသာ ဖြစ်နိုင်ဖွယ်ရာရှိသည်။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှုက အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသော နိုင်ငံရေး စနစ်တရပ်ကို အုပ်စုကွဲများအားလုံး အခွင့်အရေးညီမျှမှုကို ဖော်ဆောင်ပေးနိုင်ရန် တည်ဆောက် ထားသင့်သည်။ အခြေခံဥပဒေက အရေးကြီးဆုံးသော အခန်းကဏ္ဍမှပါဝင်သည့် တရားဥပဒေ စနစ်သည့် အမှတ်တကယ် ညီမျှမှုကို အာမခံရန် အရေးကြီးဆုံးကဏ္ဍမှ နေရာယူလာသည်။

"ဗဟုဝုဒ်လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီ"စာအုပ်ကို ရေးသားသော Arend Lipohart ၏ တင်ပြချက်များက ဗဟုဝုဒ်လူ့အဖွဲ့အစည်းအတွက် ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် အသင့်တော်ဆုံးဖြစ်ကြောင်း အကြံပြုထားသည်။ ဖက်ဒရယ်စနစ်သည့် တမျိုးသားလုံးနှင့် သက်ဆိုင်သော နိုင်ငံတော်အဆင့် (National level) နှင့်နိုင်ငံတော်ဖွဲ့စည်းတည်ဆောက် ရေးယူနစ်များအကြား အာဏာခွဲဝေကျင့်သုံးရန် ပျက်ကွက်ခဲ့ခြင်းသည် ပြည်တွင်းစစ်ဖြစ်ရခြင်း၏ အဓိကအကြောင်းတရားဖြစ်သည်။ မြန်မာ့နိုင်ငံရေးကျွမ်းကျင်သူများက မြန်မာနိုင်ငံကို စစ်မှန် သောဖက်ဒရယ်စနစ်အဖြစ်သို့ပြောင်းလဲဖွဲ့စည်းခြင်းက မြန်မာပြည်ပြည်တွင်းစစ်အဆုံးသတ်ရေး ကိုအထောက်အကူပြုနိုင်ကြောင်း အကြံပေးကြသည်။ တိုင်းရင်းသားလူမျိုးအချင်းချင်းအကြား အခွင့်အရေးညီမျှမှုအခြေခံပေါ်တွင် မြန်မာနိုင်ငံအား ဖက်ဒရယ်စစ်စစ်နိုင်ငံတော်အဖြစ် ပြန်လည် ဖွဲ့စည်းရန် တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်အားလုံးလိုလိုက တောင်းဆိုကြသည်။

ဖက်ဒရယ်စနစ်အခြေခံအရ နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ခြင်းသည် မြန်မာပြည် ပြည် တွင်းစစ်အဆုံးသတ်ရေးကို အမှန်ပင် အထောက်အကူဖြစ်ပေလိမ့်မည်။ ဖက်ဒရယ်ရေးရာလှုပ် ရှားမှုတွင် "ရှမ်းမူ"ဟု လူသိများသော ၁၉၆၂ ခုနှစ်တွင် ရှမ်းတိုင်းရင်းသားများတင်သွင်းသည့် စာတမ်းသည် မြန်မာနိုင်ငံဖက်ဒရယ်လှုပ်ရှားမှုတွင် အတိုးတက်ဆုံးဖြစ်သည်။ ထိုစာတမ်းက မြန်မာနိုင်ငံအား ဖက်ဒရယ်စစ်စစ်မူအရ ပြန်လည်ဖွဲ့စည်းရေးကို တောင်းဆိုထားသည်။ မြန်မာ့ နိုင်ငံရေးသမားများအနေဖြင့် မြန်မာနိုင်ငံရေးတွင် ပြည်တွင်းစစ်ပြဿနာကို ဥပေက္ခာမပြုပါက ထိုပြဿနာဖြေရှင်းရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည်မှာ ၎င်းအ တွက် အသင့်တော်ဆုံးနည်းလမ်းဖြစ်သည်ဟူသော အချက်ကို သဘောတူကြပေလိမ့်မည်။ ဒေါ် အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အတိုက်အခံအား လုံးက အဆိုပါသဘောထားအပေါ် သဘောတူပြီးဖြစ်ကြလိမ့်မည်။

## (၃–၄)။ နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များသတ်မှတ်ရေး၊

အခြေခံဥပဒေသစ်အတွက် နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များကို ပြန်လည်ပြင်ဆင်သတ်မှတ် ရမည်မှာ မှန်သော်လည်း ထိုသို့ယူနစ်များကို မည်သည့် အခြေခံမှုများအပေါ် မူတည်ပြုလုပ် မည်နည်းဟူသည်ကို စဉ်းစားရပေမည်။ ဤကိစ္စသည်လည်း မြန်မာပြည်ရှိ မတူကွဲပြားသော

လူမျိုးများ၊ ပြဿနာများအနက် အရှုပ်ထွေးဆုံးများမှ တခုဖြစ်သည်၊ ဤကိစ္စနှင့် ပါတ်သက်၍ ယတိပြတ်ပြောနိုင်သော မူမရှိသော်လည်း နဝတ က ချမှတ်ခဲ့ပြီးဖြစ်သော အချို့မူများမှာ အခြေခံမူအဖြစ်မစဉ်းစားသင့်သောမူများဖြစ်သည်။

မတူကွဲပြားသော လူမျိုးများနေထိုင်မှုကြောင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော နိုင်ငံတိုင်းလိုလိုတွင် အဆင့်ခြားနားမှုရှိသော နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များကို သတ်မှတ်ကြသည်။ မြန်မာကဲ့သို့သော တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သောနိုင်ငံတခုအဖို့ အဆင့်ခြားနားမှုရှိသော နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များသတ်မှတ်ရေးမူကို လက်ခံကျင့်သုံးရပေမည်။ ထိုသို့ပြုလုပ်ရာတွင် ဦးစွာပထမ စဉ်းစားရမည့်အချက်မှ မတူကွဲပြားသောလူမျိုးများအကြား ညီမျှမှုရှိရေးပင်ဖြစ်သည်။ မည်သည့်လူမျိုးကမှ အခြားလူမျိုးများထက် အခွင့်အရေးမပိုသင့်ပေ။ အခြားလူမျိုးများကို လူမျိုးတမျိုး၊ ပြည်နယ်တနယ်သာသတ်မှတ်ပေးချိန်တွင် လူမျိုးတမျိုးသာဖြစ်သော ဗမာများကို တိုင်းဒေသကြီး (၈)ခုသတ်မှတ်ပေးခြင်းဖြင့် ဗမာလူမျိုးတမျိုးတည်းကို နဝတ၏မူများက အခွင့်အရေးပိုပေးထားသည်။ ညီမျှမှုကို ထိန်းညှိရန်အတွက် လူမျိုးတမျိုးအတွက် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တခုစီသာရှိသင့်သည်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အဆင့်တွင် ပူးပေါင်းမည့် အခြားအဆင့်ယူနစ်သတ်မှတ် ရေးသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၏ လုပ်ပိုင်ခွင့်ဖြစ်သည်၊ နာဂတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ “ဓနုတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဝတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့ကို နဝတ၏ အမျိုးသားညီလာခံ ၁၉၉၅ ခုနှစ် မတ်လ က နောက်ဆုံးရပ်နားခြင်းမပြုမှီ နဝတ က ဆုံးဖြတ်ပေးခဲ့မှုအား သက်ဆိုင်ရာတိုင်းရင်းသားများ၏ သဘောဆန္ဒကို ထောက်ထားမှုမရှိဘဲ နဝတက ပြုလုပ်ခဲ့သည်။ ထိုအတွက် ထိုတိုင်းရင်းသားများက နဝတကို ဝေဖန်လျက်ရှိသည်။

## (၃-၅)။ မဆီလျော်သောနိုင်ငံတော်ဖွဲ့စည်းမှုကျင့်သုံးခြင်း၏ အကျိုးဆက်

လူမျိုးတမျိုးတည်းက ယူနစ်အများအပြားကို ကိုယ်စားပြုထားခြင်းဖြင့် အမျိုးသားနိုင်ငံရေးတွင် ပို၍ အခွင့်အရေးရသည်။ ဗမာလူမျိုးတမျိုးတည်းကို ကိုယ်စားပြုသော တိုင်းဒေသကြီး (၇) ခုက အခြားတိုင်းရင်းသား (၇) မျိုးကို ကိုယ်စားပြုသော ပြည်နယ် (၇) ခုနှင့် အခွင့်အရေးတူညီနေသည်။ ထိုအခြေအနေအောက်တွင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးတမျိုး၏ အခွင့်အရေးသည် ဗမာတိုင်းရင်းသားလူမျိုးအခွင့်အရေး၏ ခုနစ်ပုံတပုံသာဖြစ်သည်။ လူမျိုးတမျိုးတည်းနေထိုင်သော နိုင်ငံများအဖို့ နိုင်ငံတော် ဖွဲ့စည်းရေးယူနစ်များကို ခွဲဝေရာတွင် အဆိုပါအခြေအနေများသည် ပြဿနာမဟုတ်နိုင်သော်လည်း ဗဟုဝဒ်လူ့အဖွဲ့အစည်းရှိ နိုင်ငံအဖို့မူ ပြဿနာကြီးတရပ်ပင်ဖြစ်သည်။ ဤကိစ္စနှင့်ပါတ်သက်၍ အမျိုးသားဥပဒေပြုအဖွဲ့ဖွဲ့စည်းရေးတွင် ပြဿနာရှိကြောင်းဆန်းစစ်မှုများတင်ပြထားသည်ကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြထားသည်။

# ၄။ နိုင်ငံတော်အစိုးရ အမျိုးအစား

## (၄–၁)။ နဝတ က ပြဋ္ဌာန်းသော နိုင်ငံတော်အစိုးရအမျိုးအစား

နဝတ အမျိုးသားညီလာခံမှ ချမှတ်မှုများအရ နိုင်ငံတော်အစိုးရသည် သမ္မတ ဦးဆောင်အစိုးရဖြစ်သည်။ ထိုအစိုးရတွင် သမ္မတ ကို ရွေးချယ်တင်မြှောက်ရေးနှင့်ပတ်သက်လျှင် တမူထူးခြားသော စနစ်ကိုမှ ရွေးချယ်ကျင့်သုံးရန် နဝတက ပြဋ္ဌာန်းထားသည်။ နိုင်ငံရေးအဆောက်အဦးတရပ်ကို ရွေးချယ်ရာတွင် သက်ဆိုင်ရာ နိုင်ငံ၏ နောက်ခံသမိုင်းကြောင်းကို ထည့်သွင်းစဉ်းစားရမည်ဆိုသောအချက်မှာ သံသယဖြစ်ဖွယ်မရှိချေ။ သမ္မတ ဦးဆောင်အစိုးရ (သို့မဟုတ်) ပါလီမန်ကို အခြေခံသော အစိုးရစနစ်တို့ မည်သည်က မြန်မာနိုင်ငံအတွက် သင့်တော်သည် ဟူသော အချက်ကို ဝေဖန်ဆွေးနွေးခြင်းမပြုမှီ အဘယ်ကြောင့် နဝတက သမ္မတ ဦးဆောင်အစိုးရကို ရွေးချယ်ရခြင်းဖြစ်ကြောင့် သတိပြုသင့်သည်။ နဝတ၏ အကျိုးစီးပွားကို ထောက်ထားမည့် အစိုးရတရပ်ဖွဲ့စည်းပေါ်ပေါက်ရေးတွင် နဝတ သည် ၎င်းတို့ စိတ်ကြိုက်ပြဋ္ဌာန်းသော ရွေးချယ်တင်မြှောက်ပုံစနစ်မှ တဆင့် ထိန်းချုပ်မှုလွယ်ကူစေရေးကို နဝတက စဉ်းစားခဲ့သည်။ ထို့ကြောင့် နဝတအနေဖြင့် အခြားသော သမ္မတ ဦးဆောင်အစိုးရစနစ်များတွင် ကျင့်သုံးလေ့မရှိသော ရွေးချယ်တင်မြှောက်ပုံစနစ် (ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်သောစနစ်) ကို နဝတ၏ သမ္မတ ဦးဆောင်အစိုးရစနစ်က ကျင့်သုံးခြင်းဖြစ်သည်။

## (၄–၂)။ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့

သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ ထိုရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် စစ်တပ်က ခန့်အပ်သော အဖွဲ့ဝင်များက ၂၅%ပါဝင်လျက်ရှိသည်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သောကိုယ်စားလှယ် အုပ်စုများနှင့် အချိုးအစားမှာအောက်ပါအတိုင်းဖြစ်သည်။

–လူမျိုးစုလွှတ်တော် (ဝါ) အထက်လွှတ်တော်၏ ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ် များ၊ ဤလွှတ်တော်တွင် ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ်များနှင့် စစ်တပ်က ခန့်အပ်သော ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည်။

–ပြည်သူ့လွှတ်တော် (ဝါ) အောက်လွှတ်တော်၏ ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ်များ၊ ဤလွှတ်တော်တွင် ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များနှင့် စစ်တပ်က ခန့်အပ်သော ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းသည်။

–လွှတ်တော်အရပ်ရပ်အတွက် စစ်တပ်အကြီးအကဲက ခန့်အပ်သော ကိုယ်စားလှယ်ဦးရေနှင့် ညီမျှသော စစ်တပ်ကိုယ်စားလှယ်များ။

မှတ်ချက်။ ။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းရေးအတွက် နဝတ က အုပ်စု (၃) စု သတ်မှတ်ပေးသည်။ စစ်တပ်က ခန့်အပ်သော ကိုယ်စားလှယ်များသည် လွှတ်တော် အရပ်ရပ်

တွင် ၂၅%ကျစီဖြင့် ပါဝင်ဖွဲ့စည်းနေသည်။ ထို့ကြောင့် ရွေးချယ်တင်မြှောက်ရေးအဖွဲ့အတွက် အုပ်စု (၃) စုသတ်မှတ် စေကာမူ အနှစ်သာရမှာ လွှတ်တော်အရပ်ရပ်တွင် စစ်တပ်ပါဝင်မှုအချိုးအစား ၂၅%အတိုင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်နေသည်။

## (၄-၃)။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၏ အမှားများ

သမ္မတကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်ရာတွင် အမှားကြီး (၃) ရပ်ပါဝင်နေသည်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့် သမ္မတရွေးချယ်ခြင်းသည် သမ္မတဦးဆောင်အစိုးရနှင့် ကိုက်ညီမှုရှိမရှိကို ထည့်သွင်းမစဉ်းစားဘဲ နဝတက ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ကျင့်သုံးသည်။ သွယ်ဝိုက်ရွေးချယ်တင်မြှောက်ခြင်းစနစ်ဖြင့် သမ္မတကို ရွေးချယ်ခြင်းသည် နဝတ၏ ပထမအမှားပင်ဖြစ်သည်။ ဒုတိယအမှားအနေဖြင့် ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် စစ်တပ်ကိုယ်စားလှယ်များပါဝင်ပတ်သက်မှုသည် ဒီမိုကရေစီမကျခြင်းဖြစ်သည်။ စစ်တပ်က လိုလားသော ရလာဒ်ပေါ်ထွက်လာနိုင်အောင်ထိန်းချုပ်ဖို့အတွက် ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် စစ်တပ်ကိုယ်စားလှယ်များပါဝင်နေခြင်းဖြစ်သည်။ စစ်တပ်က ခန့်အပ်သော ရွေးချယ်တင်မြှောက်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များက အင်အားကောင်းသော စစ်တပ်အဖွဲ့အစည်း တခုတည်းက ဆင်းသက်လာသော်လည်း အရပ်သားရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များကမူ ကွဲပြားခြားနားသော လူမျိုးများ၊ ပါတီများမှ ဆင်းသက်လာရသည်။ အရပ်သားကိုယ်စားလှယ်များတွင် အဆိုပါအတိုင်း ကျောထောက်နောက်ခံကွဲပြားခြားနားမှုကြောင့် အားလုံးသဘောတူညီသော သမ္မတတယောက်ကို ရွေးချယ်ရန် အခက်အခဲရှိနိုင်သည်။ ထိုအချိန်တွင် စစ်တပ်ကိုယ်စားလှယ်အဖွဲ့ဝင်များကမူ တသွေး၊ တသံ တမိန့်တည်းဖြင့် ၎င်းတို့တင်သွင်းသော သမ္မတလောင်းကို သမ္မတအဖြစ် စုစုစည်းစည်းရွေးချယ်နိုင်သည်။ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် တိုင်းရင်းသားလူမျိုးများက အညီအမျှကိုယ်စားပြုပါဝင်ခွင့်မရခြင်းမှာ တတိယအမှားဖြစ်သည်။ လွှတ်တော်အရပ်ရပ်ဖွဲ့စည်းရာတွင် တိုင်းရင်းသားများ၏ ကိုယ်စားပြုမှု မညီမျှဖြစ်နေသည်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်တည်းတိုင်းရင်းသားများမညီမျှကိုယ်စားပြုနေကြရသည်။ (လွှတ်တော်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အောက်စာပိုဒ် ၅ တွင်ရှု)

## (၄-၄)။ သမ္မတလောင်း လျာထားရေး

သမ္မတလောင်းလျာထားရေးမှုများသည်လည်း တမူထူးပြီး လုံးဝလက်ခံနိုင်ဖွယ်ရာမရှိပေ။ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အဖြစ် ပါဝင်ဖွဲ့စည်းသောအစုအဖွဲ့ (၃)ခုက သမ္မတလောင်း တဦးစီကို အဆိုပြုတင်ပြခွင့်ရှိသည်။ ထို့ကြောင့်စစ်တပ်ကလည်းသမ္မတလောင်းတဦးကိုအဆိုပြုခွင့်ရှိပြီး ထိုသူတို့သည် သမ္မတအဖြစ် အရွေးမခံရသည့်တိုင်အောင် ဒုတိယသမ္မတ ရာထူးကိုကားရရှိပြီးသားဖြစ်သည်။ နဝတ၏သမ္မတလောင်းလျာထားရေးမှုများအနက်ဒေါ်အောင်ဆန်းစု ကြည်၏ နိုင်ငံရေး၌ပါဝင်မှုအခန်းကဏ္ဍကို တားမြစ်ရန်အတွက် ဒီမိုကရေစီနည်းမကျသည့် အရေးကြီးဆုံးမူနှစ်ရပ်ထည့်သွင်းထားသည်။ သမ္မတလောင်းအဖြစ် လျာထားခံမည့်သူသည် နိုင်ငံ

ရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်တို့အပြင် စစ်ရေးအမြင်ပါရှိရမည်ဟု နဝတက သတ်မှတ်ထားသည်။ ထို့အပြင် နိုင်ငံခြားသားတဦးဦးကို လက်ထပ်ထားသူ (သို့မဟုတ်) နိုင်ငံခြားသားတဦးဦးနှင့် တနည်းနည်းနှင့် ဆွေမျိုးနီးစပ်ရှိသူမည်သူမဆို သမ္မတလောင်းအဖြစ် လျာထားခံရခြင်းမရှိစေရဟု ဆိုထားသည်။

နဝတ၏မူများက သမ္မတနှင့် နိုင်ငံရေးပါတီများအကြား နိုင်ငံရေးအဆက်အသွယ်ကိုတားမြစ်ထားသည်။ ပါတီစုံဒီမိုကရေစီစနစ်တခုတွင် အဓိကကျသော အုပ်ချုပ်ရေးရာထူးနေရာအားလုံးသည် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအရ အဆက်အသွယ်ရှိနေရန် လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် အဓိက အုပ်ချုပ်ရေးရာထူးနေရာအတွက် ယှဉ်ပြိုင်အရွေးခံသော ရွေးကောက်ပွဲများဖြစ်သည်။ အဓိပ္ပာယ်ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်တရပ်ဖြစ်ရန်အတွက် အုပ်ချုပ်ရေးရာထူးတာဝန်ရှိသူများသည် ရွေးကောက်ပွဲဝင်စဉ်က ၎င်းတို့ ကြေညာခဲ့သော ရွေးကောက်ပွဲမဲဆွယ်ကြေညာစာတမ်းကို တာဝန်ခံရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုစာတမ်းကြောင့် ထိုသူတို့အား လူထုကမဲပေးခဲ့ခြင်းကြောင့်ဖြစ်သည်။

## (၄–၅)။ မည်သည့် အစိုးရက မြန်မာနိုင်ငံအတွက် ပိုသင့်တော်သနည်း။

နဝတ၏ သမ္မတ ဦးဆောင်အစိုးရနှင့်ပါတ်သက်၍ အမှားများကို ဝေဖန်ဆွေးနွေးခဲ့ပြီးဖြစ်သည်။ အခြားသော သမ္မတဦးဆောင်အစိုးရနိုင်ငံများကဲ့သို့ပင် နဝတအနေဖြင့် သမ္မတရွေးချယ်ရာတွင် တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲစနစ်ကို ကျင့်သုံးရန် လိုအပ်လိမ့်မည်။ သို့မဟုတ် အနည်းဆုံး အမေရိကန်ပြည်ထောင်စုမှာ ကျင့်သုံးသကဲ့သို့ တိုက်ရိုက်မဲပေးရွေးချယ်တင်မြှောက်ပွဲလုပ်ငန်းစဉ်နှင့် အနှစ်သာရတူညီသော စနစ်သို့ ပြောင်းလဲရန် လိုအပ်သည်။ ထို့အပြင် ဒီမိုကရေစီကျသော သမ္မတ ဦးဆောင်အစိုးရဖြစ်ရန်အတွက် အခြားသော မှားနေသည့် မူများကိုလည်း ပြင်ဆင်ရန် လိုပေလိမ့်မည်။ အဆိုပါအမှားများ အားလုံးပြင်ပြီးသည့်တိုင်အောင် သမ္မတဦးဆောင်အစိုးရသည် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိ၊ မရှိကို ဝေဖန်ပိုင်းခြားရန် လိုအပ်သေးသည်။ အဓိကထားစဉ်းစားရမည့် အချက်မှာ တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲစနစ်ကျင့်သုံးလျှင် ထိုစနစ်ကြောင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်မှုအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိမည်နည်းဟူသည့် အချက်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့သော တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတခုအတွက် နိုင်ငံရေးစနစ်ကိုရွေးချယ်ရာတွင် လူမျိုးတမျိုးတည်းနေထိုင်သော ဧဟုဝုဒ် လူ့အဖွဲ့အစည်းနှင့် ခြားနားမှုရှိနိုင်သည်ကို သတိမူလျက် တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲသည် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိ၊ မရှိကိုသုံးသပ်ရန် အရေးကြီးသည်။ ကွဲပြားသော တိုင်းရင်းသားလူမျိုးအသီးသီး၏ လူဦးရေသည် ရွေးကောက်ပွဲတွင် ထိုလူမျိုးကပေးနိုင်သော မဲပြားအရေအတွက်ပင်ဖြစ်သည်။ သို့ဖြစ်၍ လူဦးရေအများဆုံးဖြစ်သော ဗမာလူမျိုးများက တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲစနစ်ရလာဒ်ကို လွှမ်းမိုးနိုင်သော အခြေအနေတွင် ရှိနေသည်။ လူဦးရေကွဲပြားခြားနားမှုရှိသော တိုင်းရင်းသားလူမျိုးများအကြား သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းသည် လူမျိုးအချင်းချင်းကြားညီမျှမှုကို အာမခံနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်

သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်သော စနစ်နှင့် တွဲဖက်ရမည့် သမ္မတဦးဆောင်အစိုးရစနစ်သည် တိုင်းရင်းသားလူမျိုးစုံသော မြန်မာနိုင်ငံနှင့် ကိုက်ညီမှုမရှိချေ။

သမ္မတ ဦးဆောင်အစိုးရစနစ်နှင့် နှိုင်းယှဉ်လျှင် ပါလီမန် အခြေခံအစိုးရစနစ်သည် နိုင်ငံတော်အစိုးရဖွဲ့စည်းရေးတွင် လူနည်းစုတိုင်းရင်းသားများကို ပို၍ အခွင့်အရေးရရှိစေသည်။ ပါလီမန်အခြေခံအစိုးရစနစ်တွင် အုပ်ချုပ်ရေးရာထူးများသည် ပါလီမန်မှလာခြင်းဖြစ်သည်၊ ပါလီမန်တွင် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်များအများအပြားပါဝင်နေသည်၊ မြန်မာနိုင်ငံတွင် ၁၉၄၇ အခြေခံဥပဒေအရ ပါလီမန်အစိုးရစနစ်ကို ကျင့်သုံးသော အတွေ့အကြုံရှိခဲ့ဖူးသည်။ ၁၉၄၇ အခြေခံဥပဒေ၏ အားနည်းချက်များအပေါ် ဝေဖန်မှုရှိလင့်ကစား ထိုဝေဖန်မှုများက ပါလီမန်အခြေခံအစိုးရစနစ်၏ အားနည်းချက်များအပေါ် ဝေဖန်ခြင်းမဟုတ်ပေ။

# ၅။ ဥပဒေပြု လွှတ်တော်ဖွဲ့ စည်းခြင်း

## (၅–၁)။ နဝတအဆိုပြုထာသော ဥပဒေပြုလွှတ်တော်များဖွဲ့စည်းရေးမှု

နဝတအဆိုပြုထားသော အမျိုးသားနှင့် ဒေသန္တရအဆင့် လွှတ်တော်များဖွဲ့စည်းရေးနှင့် ပတ်သက်သည့်မှုများကို အောက်ပါအတိုင်းအကျဉ်းချုပ်ဖော်ပြပါသည်။

–*ပြည်ထောင်စုလွှတ်တော်* ကို ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)နှင့် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှစ်ရပ်ဖြင့် ဖွဲ့စည်းသည်။

–*ပြည်သူ့လွှတ်တော်* ကို လူဦးရေကို အခြေခံ၍ ခွဲခြားသတ်မှတ်သော မဲဆန္ဒနယ်များမှ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

–*လူမျိုးစုလွှတ်တော်* ကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ အညီအမျှရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

–***စစ်တပ်ကခန့်အပ်သော ကိုယ်စားလှယ်များ*** သည် ပြည်သူ့ကိုယ်စားလှယ် (၃) ဦး လျှင် ၎င်းတို့က တဦးကျန်း (သို့မဟုတ်) စုစုပေါင်းအမတ်နေရာ၌ ၂၅ %ဖြင့် လွှတ်တော် အရပ်ရပ်တွင် ပါဝင်ဖွဲ့စည်းသည်။

–***စစ်တပ်ကိုယ်စားလှယ်များ*** သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ လွှတ်တော်များတွင် အထက်ပါအချိုးအစားအတိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းနေသည်။

## (၅–၂)။ ညီမျှမှုဆိတ်သုဉ်းခြင်း

နဝတသည် ဖက်ဒရယ်အတုအယောင်အစိုးရအဆောက်အဦးအချို့ပါဝင်သော နိုင်ငံတော်ဖွဲ့စည်းမှုပုံစံကို ဖန်တီးနေသော်လည်း ဥပဒေပြုလွှတ်တော် ဖွဲ့စည်းခြင်းတို့နှင့် ပါတ်သက်သောမှု

များသည် လူမျိုးစုံ ဖက်ဒရယ်နိုင်ငံတခုအတွက် လိုအပ်သော မူများနှင့်ကားများစွာ အလှမ်းကွာဝေးနေသေးသည်။ နဝတ၏ ဥပဒေပြုပါလီမန်ဖွဲ့စည်းရေးဆိုင်ရာမူများအရ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများအချင်းချင်းကြားတွင် နိုင်ငံရေးညီမျှမှုအခွင့်အရေးကင်းမဲ့နေသည်။ လွှတ်တော်နှစ်ရပ်ဥပဒေပြုပါလီမန်စနစ် ကျင့်သုံးခြင်းနှင့် ပတ်သက်၍ တပြည်ထောင်စနစ်နိုင်ငံနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်နိုင်ငံတို့အကြား ကွဲပြားခြားနားသော စဉ်းစားချက်နှင့် နိုင်ငံရေးနောက်ခံရှိနိုင်သည်။ ဖက်ဒရယ်ပြည်ထောင်းစုနိုင်ငံတခုအဖို့ လွှတ်တော်နှစ်ရပ်စနစ်သည် ဖက်ဒရယ်မူများတွင် ဆက်စပ်နေရမည့် လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များအကြား ညီမျှမှုအတွက်လည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။

နဝတက ပြဌာန်းသော အခြေခံဥပဒေမူများသည် တပြည်ထောင်စနစ်နိုင်ငံအဖို့ ပြဿနာမဟုတ်နိုင်သော်လည်း ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခုအဖို့မူ ပြဿနာတရပ်ပင်ဖြစ်သည်။ အထက်လွှတ်တော်ဖြစ်သော လူမျိုးစုလွှတ်တော်တွင် ဗမာတိုင်းရင်းသားတမျိုးတည်းက တိုင်းဒေသကြီး (၇) ခုကို ကိုယ်စားပြုခြင်းဖြင့် အခြားတိုင်းရင်းသား (၇) မျိုး၊ ပြည်နယ် (၇) ခုကို ကိုယ်စားပြုသော ကိုယ်စားလှယ်အရေအတွက်နှင့်တူညီသော ကိုယ်စားလှယ်များပါဝင်နေသည်။ အောက် လွှတ်တော်ဖြစ်သော ပြည်သူ့လွှတ်တော်သည် ပြည်သူတရပ်လုံးကို ကိုယ်စားပြုရပြီး ၎င်းလွှတ် တော်ကို လူဦးရေအခြေခံအရ ခွဲခြားသတ်မှတ်သော မဲဆန္ဒနယ်များမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ ထို့ကြောင့် ဗမာတိုင်းရင်းသားများသည် တနိုင်ငံလုံးတွင် လူဦးရေအများဆုံးဖြစ်သည့် အားလျော်စွာ ပြည်သူ့လွှတ်တော်တွင်လည်း ၎င်းတို့၏ကိုယ်စားလှယ်မှာ လူများစုဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်လုံးအတွက် ဗမာ တိုင်းရင်းသားကိုယ်စားလှယ်များက လက်ဝါးကြီးအုပ်ထားနိုင်သည်။

## (၅–၃)။ လူထုကို ကိုယ်စားပြုရန် ယူနစ်များကို ကိုယ်စားပြုရန်

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခုတွင် လွှတ်တော်နှစ်ရပ်တွင် နိုင်ငံရေးအရ ကိုယ်စားပြုခြင်းနှင့် ပတ်သက်၍ ခြားနားသော အဓိပ္ပာယ်များရှိနေသည်။ အောက်လွှတ်တော်သည် ပြည်သူလူထုကို တခုလုံးအနေဖြင့် ကိုယ်စားပြုရန်ဖြစ်သည်။ ထို့ကြောင့် အောက်လွှတ်တော်ကို လူထုလွှတ်တော် (Popular House) ဟူ၍ လည်းခေါ်ကြခြင်းဖြစ်သည်။ အထက်လွှတ်တော်ဖြစ်သော လူမျိုးစုလွှတ်တော်မှာကား မြန်မာနိုင်ငံကဲ့သို့သော တိုင်းရင်းသားလူမျိုးစုံနေထိုင်သည့် ဖက်ဒရယ်နိုင်ငံတခုတွင် လူမျိုးကို အခြေခံကာ သတ်မှတ်သော နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များကို ကိုယ်စားပြုရန်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီနိုင်ငံတခုတွင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ဒီမိုကရေစီအခွင့်အရေးကို အောက်လွှတ်တော်အတွက် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်သော ရွေးကောက်ပွဲတွင် ကျင့်သုံးပေလိမ့်မည်။ ထိုရွေးကောက်ပွဲများကို အထွေထွေရွေးကောက်ပွဲများဟု လူသိများကြသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ရေးသည် နိုင်ငံတော်ဖွဲ့စည်းရေးယူနစ်များနှင့်သာ သက်ဆိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုလွှတ်တော်ဖွဲ့စည်းမှုသည် ယူနစ်များအပေါ်တွင်သာ အခြေခံ၍ဖြစ်သည်။ သို့ဖြစ်၍ ဖက်ဒရယ်ပြည်ထောင်စု

နိုင်ငံတခုတွင် အထက်လွှတ်တော်သည် ယူနစ်များကို ကိုယ်စားပြုရန်ဖြစ်သည်။ သို့သော်ယူနစ်များကို ကိုယ်စားပြုခြင်းတခုတည်းသည် အထက်လွှတ်တော်၏ အဆုံးစွန်သော နိုင်ငံရေးတာဝန် မဟုတ်သေးချေ။ ယူနစ်များအကြား နိုင်ငံရေးညီမျှမှုကို ထိန်းညှိပေးခြင်းသည် အထက်လွှတ်တော်၏ အနှစ်သာရ အတ္တိမနိုင်ငံရေးတာဝန်ဖြစ်သည်။ ဗမာလူမျိုးများက လူဦးရေများသဖြင့် အောက်လွှတ်တော်တွင် အမတ်နေရာ အများစုကို ထိန်းချုပ်ထားနိုင်သည်။ လွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးကို ထိန်းညှိနိုင်ရန်အတွက် အထက်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးစုများ ညီတူညီမျှ ကိုယ်စားပြုခွင့်ပေးထားခြင်းဖြင့် ဗမာကိုယ်စားလှယ်အများလက်ဝါးကြီးအုပ်ထားသော အောက်လွှတ်တော်မှ အတည်ပြုလိုက်သည့် ဥပဒေကြမ်းများကို အထက်လွှတ်တော်က ပြန်လည်ထိန်းညှိနိုင်သည့် အာဏာရှိလာသည်။

နဝတမူများအရ အထက်လွှတ်တော်ဖြစ်သော လူမျိုးစုလွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသော်လည်း ထိုကိုယ်စားပြုမှုသည် ယူနစ်များအကြားညီမျှမှုကို ထိန်းညှိပေးနိုင်သည့် ကိုယ်စားပြုမှုမျိုးမဟုတ်ချေ။ နဝတ၏ မညီမမျှကိုယ်စားပြုစေသောမူများအရ ဗမာတိုင်းရင်းသားများက လွှတ်တော်နှစ်ရပ်စလုံး၏ ဥပဒေပြုလုပ်ငန်းစဉ်တွင် လက်ဝါးကြီးအုပ်ထားနိုင်သည်။ ဤသို့သောမညီမမျှကိုယ်စားပြုမှုမျိုးကို ၁၉၇၄ အခြေခံဥပဒေအရ ကျင့်သုံးစဉ်က တိုင်းရင်းသားလူနည်းစုများက ဝေဖန်ကြသည်။

နဝတ၏ ဥပဒေပြုလွှတ်တော်ဖွဲ့စည်းရေးဆိုင်ရာ မူများသည် တိုင်းရင်းသားလူမျိုးစုအချင်းချင်းကြားညီမျှမှုကင်းမဲ့လျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများအချင်းချင်းအကြားမညီမျှကိုယ်စားပြုစနစ်ရှိသည့် နဝတဖန်ဆင်းသော အခြေခံဥပဒေ ရေရှည်တည်တံ့နိုင်မည်လော။ မတူကွဲပြားသောတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ဖြစ်စေနိုင်မည်လော။ ထိုစည်းလုံးညီညွတ်မှုသည် အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်လျှင် တိုင်းရင်းသားလူမျိုးအချင်းချင်းအကြား ညီမျှမှုရှိကြောင်း သက်ဆိုင်ရာ တိုင်းရင်းသားများက ယုံကြည်ပါမှ ဖြစ်နိုင်သောအရာဖြစ်သည်။

# ၆။ နိုင်ငံသားတို့ ၏ အခွင့်အရေးများ

## (၆–၁)။ စစ်တပ်ဦးဆောင်မှုနှင့် လူထုအကျိုးစီးပွား

လူထု၏ စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုကို ခွင့်ပြုရန် နဝတက ငြင်းဆန်နေသရွေ့ အမျိုးသားညီလာခံက မည်သို့သော နိုင်ငံသားအခွင့်အရေးဆိုင်ရာ မူများကို ချမှတ်သည် ဖြစ်စေ၊ ထိုအခွင့်အရေးများသည်။ မူသက်သက်သာဖြစ်နေပေလိမ့်မည်။ မည်သို့သော အခွင့်အရေးများသည်။ မိမိတို့၏ အခွင့်အရေးဖြစ်ကြောင်း နိုင်ငံသားများက လွတ်လွတ်လပ်လပ်ဆွေးနွေးခြင်းကို ခွင့်ပြုသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအခွင့်အရေးများသည် နိုင်ငံသားများ၏ အခွင့်

အရေးသာဖြစ်သည်။ အာဏာရအစိုးရ၏ အခွင့်အရေးများမဟုတ်ပေ။ ထို့အတွက်ကြောင့် နိုင်ငံသားများ၏ အခွင့်အရေးကိုပါ ထည့်သွင်းဖော်ပြမည့် အခြေခံဥပဒေအတွက် မူများချမှတ်ရာတွင် လူထုကပါဝင်ဆောင်ရွက်နိုင်ရန် နဝတက လမ်းဖွင့်ပေးရန်လိုအပ်သည်။ ထို့အပြင် စစ်မှန်သောလူထုပါဝင်ဆောင်ရွက်မှုဖြစ်ရန် တရားမဝင်အမိန့်များနှင့် ကန့်သတ်ချုပ်ချယ်ရေးဥပဒေများကိုပါ နဝတက ရုပ်သိမ်းပေးရန် လိုအပ်ပေလိမ့်မည်။ ထိုသို့မဟုတ်ပါက နိုင်ငံသားအခွင့်အရေးအပါအဝင်အခြားသော အခြေခံဥပဒေဆိုင်ရာမူများကို "စစ်တပ်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ ဆိုသည်ကိုပါ ရုတ်သိမ်းပေးရပေမည်။

## (၆–၂)။ လုံခြုံရေးအကြောင်းပြချက်ဖြင့် လူထုအား ဖိအားပေးစေခိုင်းခြင်း

နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို ထိန်းသိမ်းရန်လိုအပ်သောအခါ ပြည်သူလူထုက အပြည့်အဝ ပူးပေါင်းဆောင်ရွက်လာစေရန် တပ်မတော်မှစီစဉ်ဆောင်ရွက်ခွင့်ရှိကြောင်း စစ်တပ်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍနှင့် ပတ်သက်သောမူများအနက် မူတရပ်တွင် ဖော်ပြထားသည်။ ဤမူအရ အစိုးရသည် ၎င်း၏ ပြည်သူလူထုအပေါ် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရန် အာဏာအပ်နှင်းခြင်းခံလိုက်ရသည်။ ဤသို့အစိုးရအနေဖြင့် ထင်ရာစိုင်းလုပ်ခွင့်ရသွားသဖြင့် ၁၉၆၂ ခုနှစ် ပထမအကြိမ် စစ်တပ်အာဏာသိမ်းမှုကတည်းက လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးကို ကျူးလွန်ခဲ့သည်။ တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်မှ ကာကွယ်နေသည် ဟူသော ဆင်ခြေဖြင့် ပြည်တွင်းစစ်တွင် ပြည်သူများကို ပေါ်တာများအဖြစ် ဖိအားပေးစေခိုင်းသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ အာရှလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့အပါအဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများက မြန်မာပြည်တွင်းစစ်ကာလအတွင်း နဝတ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်မှုများ ပြုစုတင်ပြခဲ့ပြီးဖြစ်သည်။ သောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်ရေးဟုခေါ်သော စစ်ဆင်ရေးကာလများအတွင်း ပေါ်တာများကို နှိပ်စက်ညှဉ်းပမ်းခြင်း၊ အမျိုးသမီးများကို မုဒိန်းကျင့်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူတို့၏ ဥစ္စာခနများကို လုယူခြင်း၊ အစရှိသည်တို့ကို စစ်တပ်ကကျူးလွန်ခဲ့သည်။ နဝတသည် အခြေခံဥပဒေပြဋ္ဌာန်းချက်များမှ တဆင့် အဆိုပါ လူ့အခွင့်အရေးချိုးဖောက်မှုများကို အခွင့်အရေးအရ ကျူးလွန်ခွင့်ရရန် ဆန္ဒရှိနေသည်။

## (၆–၃)။ တရားရုံးခွင့်ပြုချက်မရှိဘဲ မည်သည့်နိုင်ငံသားကိုမျှ ဖမ်းဆီးခွင့်မရှိ

နဝတ၏ အခြေခံဥပဒေဆိုင်ရာမူများက တရားရုံး၏ ခွင့်ပြုချက်မရဘဲ နိုင်ငံသားများအား ဖမ်းဆီးခြင်းမရှိစေရဟု အကာအကွယ်ပေးထားသည်။ ထိုမူသည် လက်တွေ့တွင် အလုပ်ဖြစ်၊ မဖြစ်ဝေဖန်ပိုင်းခြားရပေမည်။ ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံး၏ စီရင်ချက်၊ ဆုံးဖြတ်ချက်၊ ခွင့်ပြုချက်တစုံတရာမရှိဘဲ ခြောက်နှစ်တာ နေအိမ်၌ အကျဉ်းချခံထားခြင်းသည် ထင်ရှားသောသာဓကတခုဖြစ်သည်။ တိုင်းပြည်အတွင်းရှိ အကျဉ်းသားအများအပြားကို တစုံတရာ စစ်ဆေးစီရင်ခြင်းမရှိဘဲ အုပ်ချုပ်ရေးအခွင့်အာဏာအရ ဖမ်းဆီးအကျဉ်းချထားသည်။ "တရားရုံးခွင့်ပြု

ချက်မရှိဘဲ မည်သည့် နိုင်ငံသားကိုမျှ ဖမ်းဆီးခွင့်မရှိ” ဟူသော မူရှိလင့်ကစား နိုင်ငံတော် လုံခြုံရေးကို ထိပါးစေမည့်သူများ၏ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေအောက်တွင် နိုင်ငံသားတိုင်း ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်းခံရနိုင်သည်။ နိုင်ငံရေးနှင့်ဆက်စပ်မှုရှိသော အမှုကိစ္စများကို စစ်အစိုးရက ဖမ်းဆီးအကျဉ်းချထားခြင်းများပြုလုပ်နေမှုတွင် တရားရုံးများသော်လည်းကောင်း၊ တရားသူကြီးများသော်လည်းကောင်း၊ တစုံတရာ သိရှိခြင်းမရှိပေ။ သို့ဖြစ်၍ ဥပဒေသည် ပြည်သူလူထု၏ လွတ်လပ်မှုအခွင့်အရေးများကို ကန့်သတ်သည့်အာဏာကို ကျင့်သုံးသော အစိုးရအရာရှိများ၏ လက်အောက်ခံဖြစ်သွားသည်။ ဤသို့သော အစိုးရက ၎င်းဘာသာ ၎င်းတို့ ဥပဒေကို အဓိပ္ပာယ်ကောက်ယူနေသမျှ “တရားရုံး၏ ခွင့်ပြုချက်မရဘဲ မည်သည့် နိုင်ငံသားကိုမျှ ဖမ်းဆီးခွင့်မရှိ” ဟူသော မူအောက်တွင်ပင် လုံခြုံမှုမရှိဘဲဖြစ်နေမည်သာ၊ ဥပဒေစိုးမိုးရေးကို လေးစားမှုမရှိသော လူ့အဖွဲ့အစည်းအတွင်းဝယ်မည်သည့် နိုင်ငံသားမျှ လုံခြုံမှုမရှိပေ။

# ၇။ တရားရေး

## (၇–၁)။ မြန်မာနိုင်ငံနှင့် တရားဥပဒေစိုးမိုးရေး

ဥပဒေစိုးမိုးရေးကို လေးစားလိုက်နာမှုမရှိသော လူ့အဖွဲ့အစည်းတွင် ဒီမိုကရေစီ ရှင်သန်နိုင်မည်မဟုတ်ပါ။ ၁၉၆၂ ခုနှစ်၊ ပထမအကြိမ် စစ်တပ်အာဏာသိမ်းသည့်မှစ၍ ယနေ့တိုင် မြန်မာနိုင်ငံ၌ ဥပေဒစိုးမိုးရေးကို လေးစားမှုမပြသခဲ့ပေ။ တပါတီအာဏာရှင်စနစ် ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ အဆင့်ဆင့်သော တရားရုံးများ၏ တရားသူကြီးများသည် အာဏာရပါတီဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)မှ ဆင်းသက်လာသည်။ ဤစနစ်အရ မဆလပါတီကသာ အမြဲတမ်းလိုလို လက်ဝါးကြီးအုပ်ထားသော အုပ်ချုပ်ရေးဌာနသည် တရားရေးဌာနကို လွှမ်းမိုးလျက်ရှိသည်။ ၁၉၇၄ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများနှင့် တပြိုင်နက် ကျင်းပသော ရွေးကောက်ပွဲများမှတဆင့် တရားသူကြီးများကို ရွေးချယ်သည်။ တဦးတယောက်သည် မဆလပါတီဝင်မဟုတ်ပါက တရားရေးဌာနအပါအဝင် မည်သည့် အစိုးရဌာနရာထူးအတွက်ကိုမျှ ရွေးချယ်ခံပိုင်ခွင့်မရှိချေ။ သို့ဖြစ်၍ တရားသူကြီးတဦးဖြစ်ရန် တရားဥပဒေဗဟုသုတမလိုအပ်ဘဲ မဆလ ပါတီဝင်ဖြစ်ရန်သာ လိုအပ်လေသည်။ တရားရေးစနစ်လည်ပတ်ရေးကို အထောက်အကူပြုရန် တရားဥပဒေနယ်ပယ်၍ ကျွမ်းကျင်သော ဥပဒေအရာရှိများကို တရားရုံးများတွင် ပူးတွဲထားသည်၊ သို့ရာတွင် အမှုတခုအတွက် ဆုံးဖြတ်ချက်သည် တရားသူကြီးများ၏ လက်ဝယ်၌ရှိပြီး ထိုတရားသူကြီးသည် မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ထက် မဆလပါတီနှင့် အုပ်ချုပ်ရေးဌာန၏ သဘောထားကို လေးစားနေရသည်။ ၁၉၇၄ အခြေခံဥပဒေအောက်တွင် တရားရေးစနစ်တခုလုံးကို အုပ်ချုပ်ရေးဌာနနှင့် မဆလပါတီက ထိန်းချုပ်ထားသည်။ ထို အခြေအနေမျိုးတွင်ဥပဒေစိုးမိုးရေးသဘောတရားသည် မြန်မာ့လူ့အဖွဲ့အစည်းနှင့် အစိုးရယန္တယားတို့၏ ပြင်ပ၌သာရှိနေသည်။

## (၇–၂)။ နဝတနှင့် ဥပဒေစိုးမိုးရေး

ယခုတဖန် နဝတလက်ထက်တွင် တရားရေးစနစ်အခြေအနေမှာပို၍ ဆိုးရွားလာခဲ့သည်။ ၁၉၉ဝ ရွေးကောက်ပွဲရလာဒ်ကို အကောင်အထည်ဖော်ပေးရန် ငြင်းဆန်မှုသည် ဥပဒေစိုးမိုးရေး ချိုးဖောက်မှု၏ အထင်ကရ သာဓကဖြစ်သည်။ ဥပဒေသစ်များအားလုံးကို နဝတ ကဖန်ဆင်းသည်။ ဥပဒေပြုအဖွဲ့ဟူ၍ လုံးဝမရှိချေ။ တခါက နဝတ၏ ပထမဆုံး ဥက္ကဋ္ဌ ဗိုယ်ချုပ်ကြီး စောမောင်က စစ်ဥပဒေဆိုတာ ဥပဒေလုံးဝမရှိခြင်းဟု ပြောဖူးသည်။ နဝတ၏ အမျိုးသားညီလာခံမှ ချမှတ်လိုက်သော တရားရေးဆိုင်ရာမူများသည် အခြားသော အခြေခံဥပဒေများတွင် ပါလေ့ပါထရှိသော ယေဘုယျမူများဖြစ်သည်။ သို့ရာတွင် ၎င်းတို့ကို ပြည့်စုံမှန်ကန်သည်ဟု အဓိပ္ပာယ်ကောက်ယူ၍ကားမရပေ။ အခြေခံဥပေဒအာဏာတည်လာသောအခါများတွင် ထိုမူများ လက်တွေ့အလုပ်ဖြစ်မဖြစ်ကို စောင့်ကြည့်ရမည်သာဖြစ်သည်။ နဝတ၏ လက်ရှိအချိန်အထိ အပြုအမူများကို ထောက်ရှုခြင်းဖြင့် နဝတသည် ဥပဒေစိုးမိုးရေးကို လေးစားရန် မရှိကြောင်းပေါ်လွင်စေသည်။ နဝတက အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သက်၍ တစုံတရာ ပြောဆိုမှုမရှိသေးပေ။ ၎င်းတို့ကို မည်သူက စီရင်ဆုံးဖြတ်မည်နည်း။

# ၈။ နဝတ ဆန္ဒရှိသော နိုင်ငံရေးစနစ်

## (၈–၁)။ အာရှ အတွေးအခေါ်ကို နဝတက သံယောင်လိုက်ခြင်း

အင်ဒိုနီးရှားပုံစံနိုင်ငံရေးစနစ်ကို နဝတက သဘောကျနေသည်။ စစ်တပ်က နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုသည် အင်ဒိုနီးရှားနှင့် မြန်မာနှစ်နိုင်ငံစလုံး၏ အဓိကဝိသေသဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံရေးပွင့်လင်းရေး (Political Liberalisation) ထက် အရေးကြီးကြောင်းပြောဆိုကာ အာရှနိုင်ငံများက ၎င်းတို့၏ အာရှအတွေးအခေါ်ကို ပို၍ အခြေခိုင်အောင် ဖန်တီးနေကြသည်။ လက်ရှိအုပ်ချုပ်နေသော အစိုးရများက ၎င်းတို့အာဏာဆက်လက်တည်မြဲရေးအတွက် ထိုအတွေးအခေါ်ကို လျှောက်လှဲနေခြင်းဖြစ်ကြောင်း အာရှနည်း ဒီမိုကရေစီဆိုသည်ကို အချို့က ဝေဖန်ကြသည်။ နဝတကလည်း ထိုရည်ရွယ်ချက်ဖြင့်ပင် ထိုအတွေးအခေါ်ကို သံယောင်လိုက်ခြင်းဖြစ်သည်။ ထိုအတွေးအခေါ်ဒေသတွင်းအောင်မြင်မှုရှိမရှိကို အငြင်းပွားစရာမလိုဘဲ ထိုနိုင်ငံများနှင့် နိုင်ငံရေးကျောထောက်နောက်ခံခြားနားမှု တခုတည်းကို ကြည့်ခြင်းဖြင့် ထိုအတွေးအခေါ်အယူအဆ မြန်မာနိုင်ငံတွင် မအောင်မြင်နိုင်ကြောင်း အဖြေပေးနိုင်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာသည် ဒေသအတွင်း တမူမတူအောင် ထူးခြားမှုရှိသည်။ အာရှနည်းဟန်ဒီမိုကရေစီကို လျှောက်လှဲနေသော နိုင်ငံများတွင် လူမျိုးရေးကွဲပြားခြားနားမှု အနည်းငယ်ရှိသော်လည်း မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားရှုပ်ထွေးမှုပြဿနာမျိုး မည်သည့်နိုင်ငံတွင်မှ မရှိပေ။ ထို့အပြင် မြန်မာနိုင်ငံ၏ အစိုးရမျိုး ထိုနိုင်ငံများတွင် မရှိပေ။ မြန်မာနဝတအစိုး

ရသည် ဈေးကွက်စီးပွားရေးတခု ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲမှု အရည်အချင်းမရှိယုံသာမက ပညာတတ်များက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုံလောက်သော လမ်းဖွင့်ပေးမှုလည်းမရှိချေ။ အာရှနည်းဒီမိုကရေစီကို လျှောက်လဲသော နိုင်ငံများအဖို့ တိုင်းပြည်စီးပွားရေးကို ဈေးကွက်အခြေခံများဖြင့် ဖွံ့ဖြိုးတိုးတက်မှုရစေရန် လုံလောက်သော အစီအမံများရှိသည်။ ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် ထိုနိုင်ငံများအဖို့ အာရှနည်း ဒီမိုကရေစီသည် ဖြစ်တန်ကောင်းနိုင်ပေသည်။

## (၈–၂)။ နဝတဆန္ဒရှိသော စနစ် ဖြစ်နိုင်ဖွယ်မရှိ၊ တိုင်းရင်းသားပြဿနာ

ဤစာတမ်း၌ အဓိကဆန်းစစ်တင်ပြမှုများသည် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးစု ရှုပ်ထွေးမှုနှင့် နိုင်ငံရေးစနစ်ကိုက်ညီမှုမရှိခြင်း အကြောင်းဖြစ်သည်။ ပြည်တွင်းစစ် အဓိကအရင်းခံပြဿနာဖြစ်သော တိုင်းရင်းသား ပဋိပက္ခကို စစ်ရေးနည်းဖြင့်ဖြေရှင်း၍ မရနိုင်ကြောင်း နဝတနှင့် ၎င်းအရင်အစိုးရများက သိရှိပြီးဖြစ်သည်။ တိုင်းရင်းသားများ၏ ဆန္ဒပါဝင်သော သင့်တော်သည့် နိုင်ငံရေးစနစ်တရပ်ကို တည်ထောင်နိုင်ပါမှ ပြည်တွင်းစစ်၏ အဆုံးသတ်အဖြေကို ရရှိနိုင်ပေမည်။ တိုင်းရင်းသားရှုပ်ထွေးမှုပြဿနာများက နိုင်ငံရေးတွင် နက်နက်နဲနဲပါဝင်ပတ်သက်နေသော မြန်မာနိုင်ငံတွင် ထိုပြဿနာများကို မဖြေရှင်းနိုင်သေးမီ အာရှနည်းဒီမိုကရေစီသည် အောင်မြင်ဖွယ်ရာမရှိပေ။

## (၈–၃)။ နဝတဆန္ဒရှိသော စနစ်ဖြစ်နိုင်ဖွယ်ရာမရှိ၊ စီးပွားရေးပြဿနာ

ငွေကြေးဖောင်းပွမှုပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိသရွေ့ စီးပွားရေးဖွံ့ဖြိုးမှုသည် ဖြစ်နိုင်ဖွယ်ရာမရှိချေ။ နဝတလက်ထက်တွင် အစိုးရအသုံးစရိတ်တိုးမြှင့်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုလည်း တိုးမြှင့်လာခဲ့ရသည်။ အောင်မြင်သော ဈေးကွက်စီးပွားရေးတခုဖြစ်လာစေရန်အတွက် ငွေကြေးဖောင်းပွမှုပြဿနာသည် အရေးတကြီးဖြေရှင်းရမည့် ကိစ္စဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်ထဲဖြည့်သွင်းသော ငွေကြေးပမာဏသည် အမျိုးသားကုန်ထုတ်လုပ်မှုနှင့် ချိန်ကိုက်ဖြစ်ရသည်။ သို့သော် မြန်မာ့စစ်အစိုးရများသည် အခြားသော တပါတီအာဏာရှင်နိုင်ငံများ၌ လုပ်လေ့ရှိသော နည်းအတိုင်း အစိုးရအသုံးစရိတ်ကို ကာမိစေရန် အမျိုးသားကုန်ထုတ်လုပ်မှုနှင့် ထိန်းညှိမှုမရှိဘဲ ငွေစက္ကူများကို ပုံမှိုရိုက်နှိပ်လျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ငွေကြေးဖောင်းပွမှုနှင့် အလုပ်လက်မဲ့ဖြစ်မှုတို့သည်လည်း အပြန်အလှန်အနေအထားရှိကြသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်မူ ငွေကြေးဖောင်းပွမှုနှုန်းနှင့် အလုပ်လက်မဲ့နှုန်းတို့သည် တပြိုင်နက်တည်းမြင့်တက်လျက်ရှိသည်။ ထိုအချက်က တိုင်းပြည်၏ စုစုပေါင်းကုန်ထုတ်လုပ်မှု မြင့်လာသော်လည်း အစိုးရအသုံးစရိတ်မြင့်တက်မှုက ကုန်ထုတ်လုပ်မှုမြင့်တက်လာခြင်းထက်ပို၍ များနေကြောင်းပြဆိုနေသည်။ နဝတ အနေဖြင့် ငွေကြေးဖောင်းပွမှုပြဿနာကို မဖြေရှင်းနိုင်သမျှကာလပတ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အိပ်မက်မျှသာဖြစ်သည်၊ နဝတ အနေဖြင့် နိုင်ငံတော်အသုံးစာရိတ်ပမာဏကြီးမားစွာ ကုန်ကျသော ဖိနှိပ်ရေးယန္တယားကိုအသုံးပြုကာ

နိုင်ငံရေးကို ထိန်းချုပ်ဖို့ ကြိုးစားနေသမျှ ငွေကြေးဖောင်းပွမှု ပုံမှန်မြင့်တက်နေမည်သာဖြစ်သည်။ ပြည်သူလူထုအပေါ် အစိုးရက အယုံအကြည်ရှိသာအခါမှ အစိုးရအသုံးစာရိတ်ကို လျှော့ချရေးဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရှိသည်။ ထိုယုံကြည်မှုသည် အစိုးရအာဏာကို ပြည်သူလူထုဆန္ဒပေါ်တွင် အခြေခံ၍ တည်ဆောက်ပါမှ ဖြစ်နိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးပွင့်လင်းမှုမတိုင်မီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာမရှိချေ။ နိုင်ငံရေးပွင့်လင်းမှုက စီးပွားရေးပြုပြင်မှုများအရင်လာရမည်သာဖြစ်သည်။

# နိဂုံးချုပ်ချက်နှင့် အကြံပြုချက်များ

ဂုင်းတို့ဆန္ဒရှိသော နိုင်ငံရေးစနစ်တရပ်ကို မွေးဖွားပေးမည့် အမျိုးသားညီလာခံသည် နဝတအတွက် သေရေးရှင်ရေးပင်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးပြီးသည့်တိုင် အမျိုးသားညီလာခံသည် အရေးကြီးနေဆဲဖြစ်သည်။ ဒေါ်အောင်ဆန်စုကြည်လွှတ်မြောက်ပြီးနောက် အမျိုးသားညီလာခံနှင့်ပတ်သက်၍ တစုံတရာ အပြောင်းအလဲရှိလာနိုင်ကောင်းသည်ဟု မြန်မာပြည်သူလူထုအကြား မျှော်လင့်ချက်များပျံ့နှံ့နေလင့်ကစား နဝတအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ရေးသော်လည်းကောင်း၊ အခြားအပြောင်းအလဲတခုခုသော်လည်းကောင်း လက်ခံမည့်အရိပ်အယောင်မျှမပြသသေးချေ။

အခြေခံဥပဒေဆိုင်ရာ မူများချမှတ်ရန် လက်ဝါးကြီးအုပ်ထားသော နဝတ၏ အမျိုးသားညီလာခံသည် နဝတက အမည်သစ်တမျိုးဖြင့် နိုင်ငံရေးကိုဆက်၍ လက်ဝါးကြီးအုပ်ထိန်းချုပ်ရေးအတွက် ကျင်းပသော ပရိယာယ်လုပ်ဟန်တခုသာဖြစ်သည်။ စစ်တပ်၏ အနာဂတ်နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို အာမခံမည့် အခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံအား စစ်တပ်ကလမ်းညွှန်အမိန့်ပေးထားပြီးဖြစ်သည်။ နဝတအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် အမှန်တကယ်ရိုးသားစွာဆန္ဒရှိပါက အမျိုးသားညီလာခံကို လုံးလုံးလျားလျား ရပ်ဆိုင်းထားပြီး၊ နိုင်ငံရေး ပြဿနာအဖြေရှာမှု စတင်ရပေမည်။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းရေးဟူသော အယူအဆ ငြင်းပယ်ခံနေရသရွေ့ ကာလပတ်လုံး မြန်မာနိုင်ငံ၌ မတူကွဲပြားမှုများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးမည့် ရေရှည်ခိုင်ခန့်သော အခြေခံဥပဒေရေးဆွဲရေးမှာ လည်းဖြစ်နိုင်ဖွယ်မရှိချေ။ အင်အားစုတရပ်က အမျိုးသားနိုင်ငံရေးကို လက်ဝါးကြီးအုပ်ရန် အကြံအစည်သည် လူ့အဖွဲ့အစည်းအတွင်း အခြားအင်အားစုများ၏ ကျေနပ်မှုကို ဖော်ဆောင်ပေးနိုင်မည်မဟုတ်ချေ။ ဒီမိုကရေစီနှင့် ညီမျှမှုကင်းမဲ့သော အခြေခံမူများကို အမျိုးသားညီလာခံက ချမှတ်နေခြင်းသည် နဝတ၏ မဟာအမှားဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ခြင်းအပါအဝင် အပြောင်းအလဲအချို့ဖြစ်ခဲ့လင့်ကစား နဝတအား ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေပြီဖြစ်ကြောင်း ပြောနိုင်သော

အထောက်အထားမရှိသေးချေ။ မြန်မာနိုင်ငံတွင် အခြေခံဥပဒေအရ အာဏာရှင်စနစ်မွေးဖွားလာခြင်းကို တားမြစ်ရန် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသော မြန်မာပြည်သူများနှင့်အတူ နိုင်ငံတကာ၏ အရေးယူမှုများသည် အရေးကြီးသော အခန်းကဏ္ဍတွင်ရှိသည်။ ထိုအရေးယူမှုများစတင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီက နိုင်ငံတကာသို့ အောက်ပါတို့ကို ဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။

–နဝတနှင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အတိုက်အခံအင်အားစုများအကြား နိုင်ငံရေးပြဿနာများကို ဖြေရှင်းမည့် တွေ့ဆုံစကားပြောမှုမဖြစ်လာလျှင် အမျိုးသားညီလာခံရလာဒ်များကို အသိအမှတ်မပြုရန်၊

–နိုင်ငံရေးပြဿနာများဖြေရှင်းပြီး ဒီမိုကရေစီအခြေခံဥပဒေသစ်တရပ်ဖော်ထုတ်နိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုများနှင့် အတူ လက်တွဲလုပ်ဆောင်ရန်၊

–စစ်အုပ်ချုပ်ရေးကို အားဖြည့်ပေးမည့် စီးပွားရေးအကူအညီနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသစ်များ မပြုလုပ်ရန်၊ (သို့မဟုတ်) ပြန်၍ သက်တမ်းမတိုးရန်၊ လူ့အခွင့်အရေးများအာမခံချက်ရှိလာသည့် အချိန်အထိ ထိုစီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို ရပ်ဆိုင်းထားရန်။

# Burma Lawyers' Council

Burma Lawyers' Council (BLC) was formed in 1994 in Marnaplaw, Burma. BLC is a non-government organization that is neither aligned nor under the authority of any political organization. BLC was formed by individual lawyers and legal academics joining together of their own free will.

BLC aims to contribute to transforming Burma into a free, just and peaceful society where all citizens enjoy protection under a federal constitution. BLC will achieve this aim by vigorously opposing all unjust and oppressive laws, in helping restore the rule of law. In particular, the BLC will:

- promote and assist in the educating, implementing, restoring and improving basic human rights, democratic rights, and the rule of law in Burma;
- assist in drafting and implementing a constitution for Burma, and in associated matters of legal education; and
- seek the assistance and support of similar organizations.

BLC's main office is in Bangkok, Thailand. The contact details are:

PO Box 29, Hua Mak Post Office, Bangkok 10243, Thailand
telephone (66 2) 391 0759, fax (66 2) 382 2153
e-mail <blcmain@mozart.inet.co.th>, <blcsan@ksc.th.com>